# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်စွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၁)


**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

❖ "ကျောင်း"နှင့် "စာသင်ခန်း"သည် နောင်အနာဂတ်တွင် ပေါ်ထွန်းလာမည့် "အစောဆုံး လူ့အဖွဲ့အစည်း"၊ တစ်နည်းအားဖြင့် "လူ့အဖွဲ့အစည်း၏ အစပြုနေရာ" ပင်ဖြစ်သည်။

❖ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော် ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးလျက်ရှိသည့် ၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်းဓာတ်အားလိုင်း ပြုပြင်ပြီးစီးသဖြင့် ရွှေကျင်ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်အားများ ပြန်လည်ပို့လွှတ်

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပြင် နိုင်ငံတော် စီးပွားဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သို့သော်လည်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ရပ်များကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်းအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ စာမျက်နှာ ၄ ကော်လံ ၁ ○



၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။


**ယနေ့ ဖတ်စရာ**

လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့်ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ် — ပြည်တွင်းသတင်း ◆ ၄

မွေးမြူကြိုးပမ်း မြို့ခရမ်း ... — သတင်းဆောင်းပါး ◆ ၆

နမ့်တွန်ကြိုးဝိုင်းတော ဖွဲ့စည်းခြင်း — ပြည်တွင်းသတင်း ◆ ၁၁

ဗီယက်နမ်နှင့် ရုရှား နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံး — နိုင်ငံတကာသတင်း ◆ ၁၄






# မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းမှ သီးနှံစုံ ဧက ၉၇၀ စိုက်ပျိုးနိုင်

မင်းဘူး စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကျောက်စံ 215KW ဆိုလာဓာတ်အား ပေးစနစ် လျှပ်စစ်ရေတင်လုပ်ငန်းမှ ဒေသခံတောင်သူများအတွက် မိုးသီးနှံ သီးနှံစုံ ဧက ၉၇၀ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ဇွန် ၂၆ ရက်မှစ၍ စိုက်ပျိုးရေများ ပေးဝေဖြန့်ဖြူးလျက်ရှိပြီး စာမျက်နှာ ၃ ကော်လံ ၄ ●

**ယနေ့ မိုးလေဝသ**

**နေပြည်တော်**


မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



# လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ မိုး/ဇလ

# ပြည်ပပို့ကုန် ရေဆင်းပေါ်ဆန်း(၂) မျိုးစပါး စမ်းသပ်စိုက်ပျိုး

ဖြူး စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းပိုင် မိုးစပါးစိုက်ခင်း ၅၁၂ ဧက၌ ပြည်ပပို့ကုန်အဖြစ် ရေဆင်းပေါ်ဆန်း(၂)မျိုးစပါး ဧက ၂၀ ကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်စိုက်ပျိုးထားကြောင်း ဖြူးမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✻



# ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် စာမျက်နှာ ၃ ကော်လံ ၄ ✻

မြန်မာ့အလင်း

# စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုး စာဖတ်ကြသည်

စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အနယ်နယ်အရပ်ရပ်၌ ဆောင်ရွက်လျက်ရှိရာ အဓိကရည်ရွယ်ချက်မှာ ပြည်သူများ စာဖတ်ကြစေလို၍ဖြစ်သည်။ အထူးသဖြင့် ကျောင်းသားအရွယ်လူငယ်ဘဝတွင် စာဖတ်သည့်အလေ့အထကို မျိုးစေ့ချပေးပြီး စာဖတ်သည့်အကျင့်ကောင်းကို စွဲမြဲစေကာ ဘဝတစ်လျှောက်လုံး စာပေလေ့လာဖတ်ရှုမှုဖြင့် တိုးတက်စေချင်သောကြောင့်ဖြစ်သည်။ စာအုပ်စာပေကို အလေးထားဖတ်ရှုကြခြင်းအားဖြင့် စာကြည့်တိုက်များနှင့် ပြည်သူများအကြား အပြန်အလှန်တိုးတက်ဖွံ့ဖြိုးလာစေရန်လည်း ရည်ရွယ်ရင်းဖြစ်သည်။

"စာဖတ်သောလူမျိုးသည်တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်" ဟူသည့် တိုတိုနှင့်ထိရောက်လှသော အဆိုကလေးမှာ ထင်ရှားလှသည်။ အဆိုရှင်မှာ ကုလသမဂ္ဂ၏ တတိယမြောက်အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရှေ့တန်းရောက်နေကြသည့်နိုင်ငံ၊ တိုးတက်သည့်နိုင်ငံများမှ နိုင်ငံသူနိုင်ငံသားတို့မှာ စာဖတ်နာသူ၊ စာဖတ်များသူများ ဖြစ်ကြသည်။ ထိုနိုင်ငံတို့တွင် စာမဖတ်တတ်သေးသည့် ကလေးငယ်များအတွက်ပင် ကလေးများစိတ်ဝင်စားဖွယ် အရောင်အသွေးများ၊ ရုပ်ပုံများဖြင့်စာအုပ်များ ထုတ်ဝေထားပြီး ကလေးများကို စာအုပ်များနှင့် ရင်းနှီးချစ်ခင်လာစေကြသည်။ ယင်းနောက်မှ ကျောင်းနေစအရွယ်များအတွက်၊ စာဖတ်တတ်စ အရွယ်များအတွက် စသည်ဖြင့် အရွယ်အလိုက်ဖတ်စရာစာအုပ်များကို ကလေးများအတွက် စီစဉ်ထုတ်ဝေပေးကြသည်။ သို့ဖြစ်ရာ ကလေးအရွယ်မှစပြီး လူငယ်လူရွယ်ဖြစ်လာသည်အထိ အရွယ်အလိုက် ဗဟုသုတများပြည့်စုံကြသလို ရုပ်ပိုင်း စိတ်ပိုင်းတို့တွင်လည်း ဖွံ့ဖြိုးလာကြသည်။ ယင်းသို့သောနိုင်ငံများမှာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးသည့်အလျောက် နိုင်ငံကိုလည်း မြင့်မားလာအောင် တည်ဆောက်နိုင်စွမ်းရှိကြသည်။

စာဖတ်ဝါသနာပါသူများကို လေ့လာကြည့်လျှင် မိဘတစ်ဦးဦးသို့မဟုတ် မိသားစုအတွင်း စာဖတ်ဝါသနာပါသူတစ်ဦး ရှိနေခြင်းကို အကြောင်းပြု၍ စာအုပ်များကိုလည်းကောင်း၊ စာဖတ်ခြင်းကိုလည်းကောင်း စိတ်ဝင်စားရာမှ စတင်လာသူများက အများဆုံးဖြစ်သည်။ အတုမြင်အတတ်သင် ဆိုရိုးသဖွယ်ပင် ကောင်းသည့်အတုကို မြင်ခဲ့ကြရာမှ ကောင်းသည့်အလေ့အထကို ရရှိခဲ့ကြခြင်းဖြစ်ပြီး စာဖတ်ဝါသနာစွဲမြဲလာပြီဆိုသည်နှင့် ဖတ်စရာစာအုပ်တို့ကို မရရအောင် ရှာဖွေဖတ်ရှုကြခြင်းဖြစ်ရာ "စာဖတ်ပါ၊ စာဖတ်ပါ" ဟူ၍ တစာစာတိုက်တွန်းနေစရာပင်မလိုအောင် စိတ်ရောကိုယ်ပါ အလိုလို ဆောင်ရွက်လာကြခြင်းဖြစ်သည်။ စာဖတ်ဝါသနာပါသူကို စာဖတ်ရန် အခြားသူတစ်စုံတစ်ဦးက တိုက်တွန်းခြင်းမဟုတ်ဘဲ စာဖတ်သူကိုယ်တိုင်၏ သိလိုစိတ်နှင့် ရသကိုခံစားလိုစိတ်တို့ကသာ အဓိက တိုက်တွန်းခြင်းဖြစ်သည်။

ယနေ့ခေတ်ကို စာအုပ်စာပေဖတ်ရှုမှု လျော့နည်းကျဆင်းနေသည့်ခေတ်အဖြစ် ရှုမြင်ကြသည်။ စနစ်တကျ စစ်တမ်းကောက်ယူလေ့လာဆန်းစစ်မှုများ ရှိမရှိမသိရသော်လည်း နိုင်ငံအတွင်းရှိ စာတတ်မြောက်သူလူဦးရေနှင့် လက်ရှိထုတ်ဝေလျက်ရှိသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့၏ အမျိုးအမည်နှင့် အရေအတွက်၊ ဖြန့်ချိလျက်ရှိသည့်စောင်ရေ၊ စာပေတိုက်များမှ ထုတ်ဝေရောင်းချလျက်ရှိသောစာအုပ်များ၏အုပ်ရေ စသည်တို့ကို အချိုးချနှိုင်းယှဉ်ကြည့်မည်ဆိုပါက နည်းပါးနေသည်မှာ အမှန်ပင်ဖြစ်သည်။ လူငယ်စာဖတ်သူများမှာ ပုံနှိပ်ထုတ်ဝေသည့်စာအုပ်များအစား အွန်လိုင်းမှ စာပေများသို့ ပြောင်းရွှေ့ဖတ်ရှုနေကြသည်ဟုဆိုလျှင်ပင် ဤအဆိုသည် လေ့လာဆန်းစစ်ရန် လိုအပ်နေဦးမည်ဖြစ်သည်။

လူမျိုးတစ်မျိုးအနေဖြင့် မိမိတို့လူမျိုးသည် စာတတ်ခြင်း၊ စာဖတ်ခြင်းတို့ကို ရှေးကတည်းကပင် တန်ဖိုးထားခဲ့သောလူမျိုးဖြစ်သည်။ "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်" ဟူသော အင်းဝခေတ် ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာမှာ ထင်ရှားသည့်သာဓကပင်ဖြစ်ရာ နှစ်ပေါင်းရာထောင်ချီ၍ စာနှင့်ပေနှင့် ပျော်မွေ့ခဲ့ကြသည့်လူမျိုးတို့မှာ ပညာခေတ်တွင်မှ စာနှင့်ဝေးကြသည့်အဖြစ်မျိုးမဖြစ်ကြစေရန် ငယ်စဉ်ဘဝကပင် စာဖတ်သည့်အလေ့အကျင့်ကို ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် အိမ်တွင် အမိအဖတစ်ဦးဦးကလည်းကောင်း၊ ကျောင်းတွင် စာကြည့်တိုက်ကို မဖြစ်မနေအသုံးချလာစေရန်အတွက်လည်းကောင်း စတင်ရန်လိုသည်။ ကလေးကိုယ်တိုင်ရွေးချယ်သည့်စာအုပ်ကို သူ့အလိုလိုစာဖတ်ချင်စိတ်ပေါ်လာစေရန် လှုံ့ဆော်ပေးခြင်းသာ ဖြစ်ပြီး မဖြစ်မနေဖိအားပေးဖတ်စေခြင်းက စာအုပ်အပေါ် စိတ်ကုန်သွားစေမည်ဖြစ်သည့် နည်းလမ်းမှားဖြစ်သွားနိုင်သည်။

ယခုအခါ နိုင်ငံအနှံ့တွင် လှုပ်ရှားဆောင်ရွက်နေသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုသည် ပြည်သူများ စာဖတ်များလာပြီး စာဖတ်သည့်လူမျိုးတိုးတက်၍ တိုးတက်သည့်လူမျိုး စာဖတ်စေရန်ဟူသော စေတနာကောင်းပင် ဖြစ်ပါသည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

**၁၀ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၉ - ၂၀၂၆  ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၂၅ | ၃၉၈၀ | ၃၉၃၀ | ၃၈၄၀ | ၃၉၈၀ | ၃၉၉၅ | ၄၀၃၀ | ၃၉၁၀ | ၄၂၈၀ | ၄၃၀၅ | ၃၉၃၀ | ၄၀၅၅ | ၄၀၂၀ | ၃၉၈၀ | ၃၉၉၀ | ၄၂၂၀ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၀၀ | ၄၁၂၅ | ၄၁၅၅ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၉၀ | ၄၁၄၅ | ၄၁၀၅ | ၄၁၀၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၀ | ၄၃၀၀ | ၄၂၅၅ | ၄၁၆၅ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၅၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၀၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၀၀ | ၅၃၂၅ | ၅၂၆၀ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၀၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၀၀ | ၅၃၂၅ | ၅၂၆၀ | ၅၁၃၅ | | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၀၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၂၃ | ၃၇၂၉ |
| 95 Ron | ၃၇၄၄ | ၃၈၅၃ |
| HSD (500 ppm) | ၃၉၅၄ | ၄၀၆၄ |
| HSD (50 ppm) | ၄၈၁၃ | ၄၉၄၀ |
| HSD (10 ppm) | ၄၈၁၃ | ၄၉၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE

E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**“စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)ရုံးချုပ်မှ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) ရုံးချုပ်မှ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ကြက်ခြေနီ လှုပ်ရှားမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Cordula Droege အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ICRC အကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**






## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းဖော်ထုတ်ဖမ်းဆီးရေး၊ ကယ်ဆယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ဇွဲထက်ကို(ပြန်/ဆက်)**

**✳ ရွှေဖုံးမှ**

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထက(ပြည်စံအောင်)၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့ အထက (၂)နှင့် မွန်ပြည်နယ် မုဒုံမြို့ အထက (၃)တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၀၇ ဦးတို့ကို ကော်မရှင်ရုံး (နေပြည်တော်)နှင့် ကော်မရှင်ရုံးခွဲများရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**✳ ရွှေဖုံးမှ**

“ဒီနှစ်မိုးစပါး ၅၁၂ ဧကမှာ ထိုင်းနံ့ကောက်အများဆုံး စိုက်ပျိုးထားပြီး ပြည်ပပို့ကုန်နဲ့ ပြည်တွင်းစားသုံးမှုများတဲ့ ရေဆင်းပေါ်ဆန်း (၂)ကို ဧက ၂၀ မှာ ပထမဆုံး စမ်းသပ် စိုက်ပျိုးထားပါတယ်။ ပြည်ပပို့ကုန် ဈေးကောင်းရပြီး အရည်အသွေးကောင်းတဲ့ မျိုးစပါးတွေကို စိုက်ပျိုးဖို့ လမ်းညွှန်ထားတဲ့အပေါ် စိုက်လည်းစိုက် မျိုးစေ့လည်းထုတ်လို့ရအောင် ဆောင်ရွက်ထားပြီးပါပြီ”ဟု ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နွေဝင်ဘာလကုန်ပိုင်း မိုးစပါး ရိတ်သိမ်းပြီးချိန်တွင် အဆိုပါစိုက်ကွင်း၌ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲနှင့်ပဲတီစိမ်းကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး ငါးအစာအတွက် ကုန်ကြမ်းဖြစ်သည့် ဆီထွက်သီးနှံ ပဲပုပ် ဧက ၂၀ စမ်းသပ်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကာ ယမန်နှစ်က ဆောင်းသီးနှံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် မြေပဲတို့ အောင်မြင် ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

**အောင်သန်းဦး**

**● ရွှေဖုံးမှ**

ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ ကျောက်စံ ရေတင်စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် စိုက်ပျိုးရေရရှိရေးအတွက် စနစ်တကျ ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်း ဧရိယာအတွင်း အကျိုးပြုဧရိယာ ဧကပေါင်း ၉၇၀ ရှိသည့်အနက် မိုးစပါး ဧက ၅၄၀၊ နှမ်း ဧက ၅၀၊ ပဲတီစိမ်း ၉၅ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ ဖူးစားပြောင်း ၄၅ ဧက အခြားသီးနှံ ၂၁၅ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧကပေါင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်ရေတင်လုပ်ငန်းစီမံကိန်း ဧရိယာတွင် လာမည့် စိုက်ပျိုးရာသီများတွင်လည်း လျာထားဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ဝင်းက ပြောသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

### (၁၀-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၅.၃ | ၅၅၇.၆ ~ ၅၅၇.၉ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၈၅,၇၀၆.၃၁ | ၇,၄၈၅,၈၄၃.၆၉ | ၂၂,၁၇၉,၃၆၅.၅၀ | - |

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့် ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်



**ပုသိမ် စက်တင်ဘာ ၁၀** ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့်ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု စက်ပိုင်းကျေးရွာ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ရေသန့်ဆေးကလိုရင်းခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် လေးမျက်နှာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထရန်စဖော်မာများ စစ်ဆေးပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခမောက်စုကျေးရွာအုပ်စု အချုပ်ကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကာ ရေပြန်လည်ကျဆင်းလာသဖြင့် ကျောင်းပြန်လည် ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ဟံသာအေးကျေးရွာ၌ ရေဝင်ရောက်မှုပြန်လည်ကျဆင်းလာသဖြင့် နေအိမ်များတွင် ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးပြီး ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာအုပ်စု မယင်း(မြောက်)ကျေးရွာရှိ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရေသန့်ဆေးကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးရုံပြန်လည်ဖွင့်လှစ်ထားရှိမှုနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့်လူနာများကို ကြည့်ရှုအားပေးစကားများပြောကြားကာ လူနာများကို ကြက်ဥများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု အိုင်သပြုလမ်းဆုံတွင် နေအိမ်များ၌ ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ လူငယ်စကားဝိုင်းနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**မြန်အောင် စက်တင်ဘာ ၁၀** ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ထိန်သေးကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အထကလက်ပံကွင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာကြည့်တိုက်၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အထက(ခွဲ)ထိန်သေးကြီးမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် အင်တာနက် အသုံးပြုခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများအကြောင်းကို လည်းကောင်း ဆွေးနွေးကြပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများနှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ ပေါ်ထွက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာသည်။**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပိုစတာစိုက်ထူ

**နေပြည်တော် စက်တင်ဘာ ၁၀** (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် ရာဇဌာနီလမ်းရှိ နှင်းဆီပန်းဝိုင်းအနီးတွင် ယနေ့ညနေပိုင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦးတို့က "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ" အသိပညာပေး မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ဓာတ်ပုံ)

အခမ်းအနားသို့ အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု နေပြည်တော်နှင့် မိတ်ဖက်ဌာနဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

○ *ရွှေဖုံးမှ*

တာဝါတိုင် ၁၁ တိုင် ပြိုလဲပျက်စီးခဲ့ရာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ရွှေကျင်ရေအားလျှပ်စစ်စက်ရုံ၏ ထုတ်လုပ်မှု ၇၅ မဂ္ဂါဝပ်အား ပို့လွှတ်နိုင်ခြင်းမရှိတော့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ဒေသတွင်းမြို့များ၌ အချိန်ပိုင်းဓာတ်အားဖြတ်တောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရပြီး အပြစ်မဲ့ပြည်သူများမှာ လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစောင့်အရှောက်ရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဝန်ထမ်းအင်အား ၃၀၀ တို့က ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စွန့်လွှတ်စွန့်စားစိတ်ဓာတ်များဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်အပြင် ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြုပြင်ပြောင်းလဲချိတ်ဆက်နိုင်ခဲ့မှုကြောင့် စုစုပေါင်း မဂ္ဂါဝပ် ၈၀ ခန့် တစ်ရက်လျှင် ယူနစ် ၃ ဒသမ ၂ သန်းကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ တိုးမြှင့်ပို့လွှတ်နိုင်ခဲ့သည်။

အဆိုပါ ဓာတ်အားပမာဏသည် တစ်ရက်လျှင် လူဦးရေ ၃ ဒသမ ၅ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ပမာဏဖြစ်ပြီး ရန်ကုန်မြို့တွင် တစ်ရက် ၈ နာရီခန့် ဝန်အားထိန်းညှိ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် မလိုတော့ဘဲ စက်တင်ဘာ ၉ ရက်မှစတင်၍ ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ချိန်မှအပ ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝတိုးတက်မှုကို အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဓာတ်အားလိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက် ဖြည့်ဆည်းပေးမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အင်တိုက်အားတိုက် ပြန်လည်ပြုပြင်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ပြုပြင်ပြီးစီးလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏မဟာဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်ခုလုံး လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် မိဘပြည်သူများအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်း ဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် တာဝါတိုင်ကို တွေ့ရစဉ်။



၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။



၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# "မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမီးသွေးအသုံးပြုခြင်း" ခေါင်းစဉ်ဖြင့် တောင်သူနည်းပညာပေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ဌာနပညာရှင်များ၊ သုတေသီများနှင့် တောင်သူများ စဉ်ဆက်မပြတ်ထိတွေ့ပြီး လယ်ယာကဏ္ဍဆိုင်ရာ အခက်အခဲများ ဖော်ထုတ်ဆွေးနွေးခြင်း၊ အဖြေရှာအကြံပြုဆွေးနွေးခြင်းများဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ကျင်းပသည့် (၁၂၅)ကြိမ်မြောက် ဆွေးနွေးပွဲကို "မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် ဇီဝမီးသွေးအသုံးပြုခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဝါဝါမွန်က "မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမီးသွေးအသုံးပြုခြင်း" အကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ရေရှည်တည်တံ့ခိုင်မြဲသော မြေဆီလွှာပြုပြင်ရေးအစီအစဉ်ဖြစ်ရန်အတွက် ကျေးရွာအခြေပြုသည့် တောင်သူတစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်သောနည်းလမ်းနှင့် စီးပွားဖြစ်ဇီဝမီးသွေးထုတ်လုပ်သော နည်းလမ်းဖြင့် ဆန်စက်ပိုင်ရှင်များမှ စက်ရုံများတည်ထောင်ကာ စပါးခွံမီးသွေးထုတ်လုပ်သည့်နည်းပညာများ ပြန့်ပွားအောင်ဆောင်ရွက်ရန်အတွက် အားလုံးဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ၊ ဖိတ်ကြားထားသော တောင်သူကြီးများ စုစုပေါင်း ၁၂၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ ၁၄၇ ဦးတို့က zoom point ၁၀၆ မှ ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**





# တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာရုံးများ ပြုပြင်မွမ်းမံလျက်ရှိ

**တီးတိန် စက်တင်ဘာ ၁၀**

တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးသွားသည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာသင်ဆောင်နှင့် စားရိပ်သာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ မြို့နယ်သာသနာရေးမှူးရုံး လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ၊ ခုတင် ၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်အသစ်၊ သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမွမ်းမံဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ဦးဆောင်သော ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြို့မရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း သဒ္ဓမ္မဇောတိကဓမ္မဗိမာန်တော်၌ ဆရာတော် အရှင်ပုညာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဝန်ကြီးက သာသနာတော်ဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနေမှုအခြေအနေကိုကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားကာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ အလုံးစုံပျက်စီးမှုအားလည်းကောင်း တီးတိန်မြို့ ခွာဒိုခန်းမ၌ ယာယီဖွင့်လှစ်ထားသည့် မြို့နယ်ဦးစီးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးမှုအခြေအနေအားလည်းကောင်းကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာ မြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် စက်တင်ဘာ ၉ ရက် ည ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ရေစီးဝင်မှုလမ်းကြောင်းအား ထိန်းချုပ်ထားသည့် Steel Sheet Pile များ ယိုင်နဲ့၍ ပေ ၃၀ ခန့် ပွင့်ထွက်သွားခဲ့သဖြင့် ယိုင်နဲ့သွားသော Steel Sheet Pile များအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ သဲအိတ်များချခြင်း၊ သောင်တူးစက်များဖြင့် သဲမှုတ်သွင်းခြင်း၊ တာပေါင်ဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

**ပြင်ဦးလွင် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူး လှဖေ (အငြိမ်းစား)အား ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၂ နှစ်ပြည့် ဗိုလ်မှူးလှဖေ (အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ မန္တလေးတိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူကြိုးပမ်း မြို့ခရမ်း ...

ကိုရွှေမန်း

**တည်နေရာအကျယ်အဝန်း**

ခရမ်းမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ရှိပြီး ရှေးယခင်က ရန်ကုန်မြို့မှ ရေကြောင်းခရီးဖြင့်သာ သွားရောက်နိုင်သည့် မြို့ဖြစ်ပါသည်။ ယခုအခါ ကုန်းလမ်းခရီး ၃၆ မိုင်ဖြင့် ရောက်ရှိနိုင်ပြီဖြစ်ပါသည်။ မြို့နယ်အကျယ်အဝန်းစတုရန်းမိုင် ၂၃၆ ဒသမ ၇၅ မိုင်၊ လူဦးရေ ၁၇၀၀၀၀၊ မြို့ပေါ်ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စု၊ ကျေးရွာပေါင်း ၁၆၄ ရွာ ရှိပါသည်။

**သမိုင်းအကျဉ်း**

ရှေးယခင်က ခရမ်းမြို့မှာ ရွာငယ်လေးတစ်ခုသာဖြစ်ပြီး 'ခရမ်း' သည် မွန်စကား 'ကရန်း' မှ လာသည်ဟုဆိုပါသည်။ ကရန်းသည် 'ချောင်းကမ်းဘေးမှ ရွာကလေး' ဟု အဓိပ္ပာယ်ရှိပါသည်။ ရုံးစိုက်ရာရုံးသပြေကန်မြို့သည် ရေတိုက်စားခြင်းကြောင့် တိမ်ကောသွားရာ ခရမ်းမြို့သည် ရုံးစိုက်ရာမြို့အဖြစ် ရပ်တည်ခဲ့ပါသည်။ ၁၈၂၄ ခုနှစ် ၁၈၂၅ ခုနှစ်ခန့်တွင် ဖောက်လုပ်ခဲ့သည့် ခရမ်းတူးမြောင်းမှာ ပဲခူးမြစ်ကမ်းပေါ်ရှိ ချောင်းဝရွာမှ ခရမ်းမြို့အထိ ၁၈ မိုင်ခန့် ရှည်လျားသည်။ ပင်လယ်သို့ ဖောက်လုပ်ထားပြီး ထိုတူးမြောင်းကို ခရမ်းချောင်းဟု ခေါ်ပါသည်။

၁၈၂၈ ခုနှစ်တွင် ပဲခူးမြို့မှ ခရမ်းမြို့သို့ မီးရထားလမ်း ဖောက်လုပ်ဆက်သွယ်ခဲ့ကြောင်း မှတ်တမ်းရှိပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် လယ်ယာကိုင်းကျွန်းလုပ်ငန်းများ၊ စပါးဒိုင်ကြီးများ၊ ဆားလုပ်ငန်းများ၊ ကြက်/ ဘဲ/ ငါး မွေးမြူရေး လုပ်ငန်းများ၊ ဆန်စက်/ ဆီစက်လုပ်ငန်းများ ထွန်းကားသည့် အစဉ်အလာရှိသော မြို့နယ်ဖြစ်ပါသည်။ သကျမာရဇိန်ဘုရား၊ ရဲမွန်စေတီနှင့် ကန်ညီနောင်စေတီတို့မှာ ထင်ရှားသော စေတီပုထိုးများ ဖြစ်ပါသည်။



ခရမ်းမြို့နယ်ရှိ မွေးမြူရေးကန်တစ်ကန်၏ ငါးထုတ်လုပ်မှု။



ခရမ်းမြို့နယ်ရှိ ကြက်မွေးမြူရေးလုပ်ငန်း။

**❒ ခရမ်းမြို့နယ်သည် စံပြမြို့နယ်ဖြစ်သည့်အတွက် ရေမြေသဘာဝ အားသာချက်များအပေါ် မူတည်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးသည့်အတွက် စိုက်ပျိုးရေးကိုအခြေခံ၍ ထုတ်လုပ်ဆောင်ရွက်ရသည့် ငါး / ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသည်ကိုလည်း တွေ့ရသည့်အပြင် စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းများကို အခြေခံသည့် မွေးမြူရေးအစာထုတ်လုပ်သည့် စက်ရုံများ ဖွံ့ဖြိုးစပြုနေပြီး ငါး / ပုစွန် မွေးမြူရေးလုပ်ငန်းကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော မြို့နယ်တစ်ခုဖြစ်သည့်အတွက် မွေးမြူကြိုးပမ်း မြို့ခရမ်းဟု ဂုဏ်ပြုခေါ်ဆိုရခြင်းဖြစ်**



ခရမ်းမြို့နယ်ရှိ ဦးခင်တိုး၏ ငါးအစာစပ်စက်ရုံ။



ခရမ်းမြို့နယ်ရှိ ဦးမျိုးမြင့်၏ ငါးသားပေါက်ထုတ်လုပ်မှုလုပ်ငန်း။

**မွေးမြူကြိုးပမ်း မြို့ခရမ်း**

ခရမ်းမြို့နယ်သည် မြစ်များ၊ ချောင်းများ၊ လယ်ယာစိုက်ပျိုးမြေများ အများအပြား ပိုင်ဆိုင်ထားသည့်အပြင် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကြီးနှင့် နီးကပ်စွာတည်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စံပြမြို့နယ်တစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

စံပြမြို့နယ်ဖြစ်သည့်အတွက် ရေမြေသဘာဝ အားသာချက်များအပေါ် မူတည်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးသည့်အတွက် စိုက်ပျိုးရေးကိုအခြေခံ၍ ထုတ်လုပ်ဆောင်ရွက်ရသည့် ငါး/ ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသည်ကိုလည်း တွေ့ရသည့်အပြင် စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းများကို အခြေခံသည့် မွေးမြူရေးအစာထုတ်လုပ်သည့် စက်ရုံများ ဖွံ့ဖြိုးစပြုနေပြီး ငါး/ ပုစွန် မွေးမြူရေးလုပ်ငန်းကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော မြို့နယ်တစ်ခုဖြစ်သည့်အတွက် **မွေးမြူကြိုးပမ်း မြို့ခရမ်း**ဟု ဂုဏ်ပြုခေါ်ဆိုရခြင်းဖြစ်ပါသည်။

**စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်**

စံပြမြို့နယ်တစ်ခု၏ အားသာချက်များဖြစ်သည်နှင့်အညီ ဒေသခံစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ပြည်သူအများ သိရှိနိုင်ရေးအတွက် ၂-၉-၂၀၂၆ ရက်နေ့တွင် ကိုရွှေမန်းတို့အဖွဲ့သည် ခရမ်းမြို့နယ်သို့ ရောက်ရှိခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ငါးလုပ်ငန်းဦးစီးဌာန နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများထံ အကူအညီတောင်းခံ၍ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးအစာထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လေ့လာမှတ်တမ်းတင်ခဲ့ကြပါသည်။

**ငါးမွေးမြူရေးလုပ်ငန်း**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုမှာ စားရေရိက္ခာ ဝမ်းစာစပါးဖူလုံမှုရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါး/ ပုစွန်မွေးမြူရေးစုစုပေါင်းဧက ၁၁၈၇၈၀ ဒသမ ၄၁ ဧကရှိပြီး နှစ်စဉ်မွေးမြူရေး ငါးထုတ်ကုန်တန်ချိန် ၄၄၅၂၄၄ တန်ရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ ဒသမ ၄ သန်းအတွက် မွေးမြူရေးငါးရိက္ခာဖူလုံမှုမှာ ၅၄၄ ဒသမ ၇၁ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ လည်းကောင်း၊ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ခရမ်းမြို့နယ်အတွင်း လုပ်ငန်းရှင် ၉၄၉ ဦးက ငါး/ ပုစွန်မွေးမြူရေးဧက ၁၁၄၀၀ ဒသမ ၈၂ ဧက မွေးမြူဆောင်ရွက်ထားရှိသည်ကို သိရှိရပါသည်။

ရေနက်ကွင်းစိုက်ပျိုးမြေများတွင် စပါးနှင့်ငါးပေါင်းစပ်မွေးမြူရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် အဆင့်မြင့်ငါးကန်များအဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်မွေးမြူထားသည်ကိုတွေ့ရှိရပြီး ငါးမြစ်ချင်း၊ ငါးတန်၊ ရေချိုငါးမုတ်တို့ကို အဓိကထား၍ မွေးမြူသည်ကို တွေ့ရှိရပါသည်။ ရေချိုငါးများကို ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice – GAqP) စနစ်သို့လည်းကောင်း၊ အကောင်းဆုံး ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Best Aquaculture Practice – BAP) စနစ်သို့လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်မြို့အတွင်းရှိ ကြည့်မြင်တိုင်စံပြငါးဈေးကြီးနှင့် ရွှေပိတောက်ငါးဈေးများသို့ တင်ပို့ပြီး ၎င်းဈေးကြီးများမှတစ်ဆင့် အအေးခန်းစက်ရုံများနှင့် မြန်မာပြည်အနှံ့အပြား ဈေးကွက်အသီးသီးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ဒေသထွက်စိုက်ပျိုးရေးကုန်ကြမ်းမှ ငါးရိက္ခာသို့**

ကိုရွှေမန်းတို့အဖွဲ့သည် ခရမ်း-သက္ကလလမ်းပေါ်ရှိ ဦးခင်တိုး၏ ငါးအစာစပ်စက်ရုံသို့ ရောက်ရှိလေ့လာခဲ့ကြပါသည်။ ဦးခင်တိုးသည် ငါးမွေးကန်ဧက ၇၀၀ ခန့်ပိုင်ဆိုင်သော မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်ပါသည်။ ဦးခင်တိုး၏ စက်ရုံမှာ တစ်ပိုင်တစ်နိုင်စက်ရုံဟုဆိုသော်လည်း ဒေသခံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် အတုယူအားကျဖွယ်ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ တစ်ရက်လျှင် ငါးအစာကုန်ချိန် ၁၀ တန် ထုတ်လုပ်နိုင်ပြီး တစ်လလျှင် ကုန်ချိန်တန် ၃၀၀ ထုတ်လုပ်နိုင်သော အသေးစားစက်ရုံတစ်ခုဖြစ်ပါသည်။

တစ်ရက် ငါးအစာကုန်ချိန် ၁၀ တန်သည် ငါးတန်ချိန် ၆ ဒသမ ၇ တန် (ပိဿာ ၄၁၀၀) မွေးမြူထုတ်လုပ်နိုင်စွမ်းအားရှိသည်ဟု လုပ်ငန်းရှင် ဦးခင်တိုးက ရှင်းလင်းပြောကြားပါသည်။ ခရမ်းမြို့နယ်၏ ငါးတစ်ဧက ပျမ်းမျှထွက်နှုန်းမှာ ကုန်ချိန်ပိဿာ ၃၀၀၀ ခန့်ရှိကြောင်း၊ လက်တွေ့နေ့စဉ်ကုန်တက်မှာ ပိဿာ ၇၀၀၀ နှင့် ၈၀၀၀ ကြားဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ အစာစပ်စက်ရုံအတွက် လိုအပ်သောကုန်ကြမ်းကို ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းထွက် ကုန်ပစ္စည်းများဖြစ်သည့် ဖွဲနု၊ ပဲဖတ်၊ ဆန်ကွဲ၊ ပဲပိစပ်၊ ပြောင်း၊ နှမ်းဖတ်၊ ဂျုံဖွဲများကိုသာ သုံးစွဲကြောင်းနှင့် ဤသို့သုံးစွဲသည့်အတွက် ကုန်ကျမှုစရိတ်သက်သာစေပြီး မိမိတို့ငါးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အခက်အခဲများကို အကြိမ်ကြိမ်ကျော်လွှားနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားပါသည်။

ခရမ်းမြို့နယ်သည် စပါး၊ ပဲတီစိမ်းနှင့် အခြားပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အလွန်အားကောင်းသည့် မြို့နယ်တစ်ခုဖြစ်သည့်အတွက် ယင်းအခွင့်အရေးကိုရယူပြီး ဒေသထွက်စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းများကို အခြေပြု၍ ငါးအစာထုတ်လုပ်ရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ကာ မိမိ၏ ငါးမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်မှာ **ဒေသထွက်စိုက်ပျိုးရေးကုန်ကြမ်းမှ ငါးရိက္ခာထုတ်လုပ်ရေးသို့** ပြောင်းလဲမှုပင်ဖြစ်ပါသည်။

**ဒေသထွက် စိုက်ပျိုးရေးကုန်ကြမ်းမှ ဥနှင့် အသားသို့**

ဆက်လက်၍ ဦးဇော်ဝင်း၏ အစာစပ်စက်ရုံသို့ ရောက်ရှိကြပါသည်။ အစာစပ်စက်ရုံမှာ ၃ ဒသမ ၇ ဧကကျယ်ဝန်းပြီး အသားတိုးကြက်စာနှင့် ဥစားကြက်စာများ ထုတ်လုပ်ကြောင်း၊ တစ်ရက်လျှင် အစာ ၁၅ တန် ထုတ်လုပ်နိုင်စွမ်းရှိကြောင်းနှင့် တစ်လလျှင် တန် ၃၀၀ ထုတ်လုပ်နိုင်ကြောင်း ရှင်းပြပါသည်။ မိမိကိုယ်တိုင် မွေးမြူထုတ်လုပ်သည့်အစာများကို ဥစားနှင့် အသားတိုးကြက်မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုကြောင်း၊ ဥစားကြက် ၄၀၀၀၀၊ အသားတိုးကြက်ကောင်ရေ ၅၀၀၀၀ ကို မွေးမြူထားရှိကြောင်းနှင့် ခရမ်းမြို့နယ်အတွင်း အသားတိုးကြက်မွေးမြူသူ ၈၈ ဦးက ကြက်ကောင်ရေ ၆၉၈၄၀၀၊ ဥစားကြက်မွေးမြူသူ သုံးဦးက ကောင်ရေ ၂၂၀၀၀၀ မွေးမြူထားရှိကြောင်း သိရှိရပါသည်။

ယခုအခါ ကြက်ဥခြံကောက်ဈေး ငွေကျပ် ၄၅၀ နှင့် ၄၈၀ ကြားတွင်ရှိကြောင်း၊ ကြက်သားဈေး တစ်ပိဿာ ငွေကျပ် ၁၀၃၀၀ ဖြင့် ပြည်သူလူထုသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ဤသို့ ဖြန့်ဖြူးပေးနိုင်ခြင်းနှင့် ဈေးကွက်အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ခြင်းများမှာ ဒေသထွက်စိုက်ပျိုးရေးထွက်ကုန်များကို အခြေပြု၍ အစာထုတ်လုပ်ရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ကာ မိမိ၏ ကြက်မွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ် စသည့် ကုန်ကြမ်းပစ္စည်းများကို အစာထုတ်လုပ်ရေးလုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ကာ **ဒေသထွက်စိုက်ပျိုးရေး**

*စာမျက်နှာ ၇ သို့*

## ထားဝယ်မြို့၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲကို ယနေ့ညနေပိုင်းက ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာဘာသာရပ်အလိုက် အခြေခံပညာအဆင့် ( အသက်၁၀ နှစ်မှ ၁၅ နှစ်) နှင့် (အသက် ၁၅ နှစ်မှ ၂၀)၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့်ယှဉ်ပြိုင်မှုကို စိစစ်ရွေးချယ် အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ဂုဏ်ပြုဆုရရှိသူများကို ဆုများပေးအပ်ကြပြီး ဆုရရှိသူပြိုင်ပွဲဝင်များ၏ ဖျော်ဖြေတင်ဆက်ကပြမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒိုင်ချုပ်အဖွဲ့နှင့် အကဲဖြတ်ဒိုင် အဖွဲ့ခေါင်းဆောင်




များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး နေပြည်တော်တွင်ကျင်းပမည့် ဗဟိုအဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး အဖွဲ့အား အောင်နိုင်ရေး အလံပေးအပ်ကာ ဂုဏ်ပြုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁၂)၌ လူငယ်အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

လူအများ လေးစားတန်ဖိုးထားရသည့် လူငယ်၊ တာဝန်ယူတတ်သည့် လူငယ်၊ အကြမ်းဖက်မှုကို လက်မခံသည့် လူငယ်၊ တစ်ပါးသူကို ကူညီရိုင်းပင်းတတ်သည့် လူငယ်များဖြစ်စေရေး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၁၂) ၌ ကျင်းပသည်။

ဟောပြောပွဲကို အထက-၁၂ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် မြိုင်ဆိုင်စွာ သီဆိုဖွင့်လှစ်ခဲ့ကြပြီး စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "ကျား/မ အခြေပြု အကြမ်းဖက် ကာကွယ်တားဆီးရေး" ခေါင်းစဉ်ဖြင့် လူငယ်များ အသိပညာများ ကြွယ်ဝလာစေရန် ဟောပြောဆွေးနွေးခဲ့ပြီး နေပြည်တော်လူငယ်ရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိများကို မေးမြန်းကာ မှန်ကန်မြန်ဆန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသားကျောင်းသူများကို ဌာနဆိုင်ရာ



တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဟောပြောပွဲတွင် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က နောင်အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များကြား၌ နည်းမျိုးစုံနှင့် အကြမ်းဖက်မှုများမှ လျော့ကျကင်းဝေးပြီး ဘေးကင်းလုံခြုံသည့် လူမှုဘဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး အထက-၁၂ ကျောင်းအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းဌေးက လက်ခံရယူသည်။

ထို့ပြင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးထွန်းထွန်းက အမှာစကားပြောကြားပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပေးမည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေ လုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့နံနက် ၁၁ နာရီတိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ) တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

**ကုန်ကြမ်းမှ ဥနှင့်အသားသို့** ပြောင်းလဲ၍ မိမိတို့၏ မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်နိုင်သည့် အခွင့်အရေးကို အရယူနိုင်ခြင်းသည် အရေးကြီးသော အချက်ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုခြင်းဖြစ်ပါသည်။

**မွေးမြူရေးအတွက် ငါးသားပေါက်စခန်း ကိုးခု**

ခရမ်းမြို့နယ်သည် ပုဂ္ဂလိက ငါးသားပေါက်စခန်း ကိုးခုရှိကြောင်း သိရှိရသည့်အတွက် ထူးခြားသော မြို့နယ်တစ်ခုဟုဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကိုရွှေမန်းတို့အဖွဲ့အနေဖြင့် ငါးသားပေါက်စခန်းသို့ မဖြစ်မနေ သွားရောက်လေ့လာရမည်ဖြစ်ပါသည်။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အကူအညီဖြင့် ခရမ်းမြို့နယ် ကမာမတ်ကျေးရွာရှိ ဦးမျိုးမြင့်၏ ငါးသားပေါက်စခန်းကို သွားရောက်လေ့လာခဲ့ကြပါသည်။

ဦးမျိုးမြင့်၏ ငါးသားပေါက်စခန်းမှာ ၁၅ ဧကခန့် အကျယ်အဝန်းရှိပြီး ငါးမြစ်ချင်း၊ ငါးတန်၊ ရေချိုငါးမုတ်ငါးမျိုးစိတ်များကို အဓိကအားဖြင့် သားဖောက်ပြီး ငါးမွှန်အဆင့်တွင် ထုတ်လုပ်ရောင်းချသည်ကို တွေ့ရှိခဲ့ရပါသည်။ တစ်နှစ်လျှင် ငါးမြစ်ချင်း ငါးမွှန်သိန်း ၆၀၀၀၊ ငါးတန် ငါးမွှန်သိန်း ၂၅၀၊ ရေချိုငါးမုတ် ငါးမွှန် သိန်း ၁၀၀ ထုတ်လုပ်ကြောင်း သိရှိရပါသည်။ ဒေသအစာဖြစ်သော ဖွဲနု၊ ပဲဖတ်များကိုသာ အဓိကထား၍ ကျွေးမွေးကြောင်း၊ တစ်လက်မအရွယ်အထက်သို့ ရောက်သောအခါ ဒေသခံစက်ရုံများမှ ထုတ်လုပ်သည့် ငါးလေးအစာကို ကျွေးမွေးကြောင်း ရှင်းပြပါသည်။

တစ်လက်မအရွယ်နှင့်အထက် ငါးသားပေါက်များကို အထက်မြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံ အနှံ့အပြားရှိ ငါးမွေးတောင်သူများထံ ဖြန့်ဖြူးကြောင်း၊ ငါးသားပေါက်လုပ်ငန်းကို အဘိုးလက်ထက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ မျိုးဆက်သုံးဆက် နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်း စတင်တည်ထောင်သည့် အဘိုးသည် ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်းမှ ရေချိုငါး ဆေးထိုးသားဖောက်သင်တန်းဆင်းတစ်ဦး ဖြစ်ကြောင်း ရှင်းပြပါသည်။ ခရမ်းမြို့နယ်အတွင်း ပုဂ္ဂလိက ငါးသားပေါက်စခန်းကိုးခုမှ ငါးမွေးမြူတောင်သူများအတွက် ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် ငါးသားပေါက်ကောင်ရေပမာဏကို ခန့်မှန်းသိရှိနိုင်ပေသည်။

ကိုရွှေမန်းတို့အဖွဲ့၏ ခရမ်းမြို့နယ် ငါးလုပ်ငန်းများအပေါ် လေ့လာမှုခရီးစဉ်သည် တစ်ရက်မျှသာဖြစ်သော်လည်း လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် ပြည်သူအများစု၏ စားရေရိက္ခာဖူလုံရေးအတွက် ဂုဏ်ယူဖွယ်ရာလုပ်ငန်းတစ်ရပ်အဖြစ်လည်းကောင်း၊ မိမိတို့ဒေသ တိုးတက်ဖွံ့ဖြိုးရေး၊ ကြွယ်ဝချမ်းသာရေးနှင့် ဂုဏ်ယူဖွယ်ရာ စီးပွားရေးလုပ်ဆောင်ချက်များအဖြစ် လည်းကောင်း အစွန့်ရှည်စွာ ဆက်လက်တည်ရှိနေမည် ဖြစ်ကြောင်း ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

(၁) ခရမ်းမြို့နယ်သမိုင်း

(၂) လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်းမှတ်တမ်း

(၃) ခရမ်းမြို့နယ်၊ ငါးလုပ်ငန်းဦးစီးဌာန၏ မွေးမြူရေးမှတ်တမ်း

(၄) ခရမ်းမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မွေးမြူရေးမှတ်တမ်း

(၅) ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးဆိုင်ရာ အချက်အလက်များ

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အခြေချလုပ်ကိုင်၍ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ၊ ရွှေကုက္ကိုလ်နှင့် ကျောက်ခက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

KNU ၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများနှင့် တရားမဝင် ဒုစရိုက်လုပ်ငန်းများကို လွတ်လပ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးနှင့် သဃ်န်းညီနောင်မြို့တို့အား ထိန်းချုပ်နိုင်ရေး ကြိုးပမ်းခဲ့ရာ သဃ်န်းညီနောင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများအား အင်အားအလုံးအရင်းဖြင့် ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှ ဧပြီ ၅ ရက်အထိ ၂၈ ရက်ကြာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့မှုကြောင့် မြို့တွင်းရှိဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ အဆောက်အအုံ၊ ပစ္စည်းများအား စွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ် စွန့်ခွာခဲ့ရကာ အကြမ်းဖက် အဖွဲ့များအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်မှ စတင်ပြီး မြဝတီ- သဃ်န်းညီနောင်-ကော့ကရိတ် အာရှလမ်းမကြီးအား ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် အဓိက အချက်အချာကျသည့် ဘားအံ-ကျုံဒိုး- ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးနှင့် ကော့ကရိတ်မြို့အား ထိန်းချုပ်ဖြတ်တောက်ရန်အတွက် ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းအားလည်းကောင်း၊ ကော့ကရိတ်-မြဝတီ လမ်းကြောင်းအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်လာခြင်း မပြုလုပ်နိုင်ရေးအတွက် နှောင့်ယှက်ပိတ်ဆို့မှုများ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် ပုန်းအောင်းနေထိုင်ပြီး အဖျက်အမှောင့် လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည့်အပြင် လမ်းကြောင်းတစ်လျှောက် သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အဆိုပါလမ်းကြောင်းများပေါ်ရှိ ညီညာသာလင်းတံတား၊ (၅)တိုင်တံတား၊ ကော့နွဲ့တံတား အပါအဝင် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းတံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အတားအဆီးများ ပြုလုပ်၍ လမ်းကြောင်းပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ကုန်ဈေးနှုန်း ကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာ အခက်အခဲဖြစ်ပေါ်ခဲ့၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရသည့်အပြင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကြီးထွားလာစေခဲ့ပြီး နယ်မြေဒေသတည်ငြိမ်မှုအပေါ် များစွာထိခိုက်စေခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲအသုံးပြုနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ရဲရဲဝံ့ဝံ့ ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၃ လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၉၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် သဃ်န်းညီနောင်မြို့နှင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သောင်းကျန်းသူများ၏ လက်သို့ ကျရောက်မှု မရှိစေရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက် အကျအဆုံးများပြီး ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မြဝတီ- သဃ်န်းညီနောင်-ကော့ကရိတ်အာရှလမ်းမကြီးအား ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မြဝတီ - သဃ်န်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား အပြည့်အဝ ပြန်လည် ထိန်းချုပ်ပြီးနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၏ အရှေ့တောင်ဘက်မီတာ ၄၈၀၀ ခန့်အကွာရှိ KK Park နယ်မြေအတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ငန်း လုပ်ကိုင်နေသည့် အဆောက်အအုံ ၆၃၅ လုံးနှင့်အတူ တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၁၀၈၈ ဦး၊ အမျိုးသမီး ၁၉၄ ဦး စုစုပေါင်း ၁၂၈၂ ဦးအား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါ တရားမဝင်ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ၎င်းတို့ဝင်ရောက်လာခဲ့သည့် ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား အဆိုပါဒေသတွင်ပြန်လည်အခြေချလုပ်ကိုင်မှု မရှိစေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံဆောင်ရွက်နိုင်မှုမရှိစေရေးအတွက် အပိုင်း(၃)ပိုင်းခွဲကာ စနစ်တကျ ဖောက်ခွဲဖျက်ဆီး၍ လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀၀ ခန့်အကွာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ငန်း လုပ်ကိုင်ခဲ့သည့်

*စာမျက်နှာ ၉ သို့*



KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှုနေရာပြမြေပုံ။



KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။




ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှုနေရာပြမြေပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။


တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းအား သိမ်းပိုက်ရရှိမှု။


တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများ အခြေချလုပ်ကိုင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှု။

*စာမျက်နှာ ၈ မှ*

အဆောက်အအုံ ၇၇ လုံးနှင့်အတူ တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၁၈၁၁ ဦး၊ အမျိုးသမီး ၂၆၄ ဦး စုစုပေါင်း ၂၀၇၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါဖမ်းဆီးရမိခဲ့သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆောက်အအုံများကို စနစ်တကျ ဖောက်ခွဲဖျက်ဆီး၍လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ အခြေချနေထိုင်လုပ်ကိုင်မှု မရှိစေရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတာဝန်သိပြည်သူများ ပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ကျောက်ခက် ဒေသအတွင်း၌လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကို ကာကွယ်ပေးထားသော အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းတစ်ခုဖြစ်သည့် ကွျန်း (၇) ပင်စခန်းအား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်သည့် နေရာအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက်မီတာ ၆၅၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ် ဩဂုတ်၁၇ရက်တွင်လည်းကောင်း အသီးသီး သိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ သိမ်းပိုက်ရရှိရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်နေသူများကို မြေနေရာပေး၍ အခကြေးငွေရယူကာ ကာကွယ်ပေးထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ် ၄၆ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၂၀ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ် မျိုးစုံ ၂၇ ခု၊ ကျည်မျိုးစုံ ၁၃၃၃ တောင့်၊ လက်လုပ် Drop ဗုံး ၁၄ လုံး၊ မိုင်းမျိုးစုံ ၂၁၉လုံး၊ ကျည်ကာအင်္ကျီ ကိုးစုံ၊ ကျည်ကာဦးထုပ် ၁၅ လုံး၊ ညကြည့်မှန်ပြောင်း တစ်ခု၊ ကင်းထောက် Drone တစ်စင်း၊ လမ်းလျှောက် စကားပြောစက် ခုနစ် လုံး၊ ပစ်ကျင်း ၄၄၁ ကျင်း၊ ဘန်ကာ ၅၃ လုံး၊ လူနေတဲ ၂၂၈ လုံး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်သူ တရားမဝင် ပြည်ပနိုင်ငံသားများနှင့် ဆက်စပ်သူများ အပါအဝင် ၇၇၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် StarLink နှစ်လုံး၊ တယ်လီဖုန်းမျိုးစုံ ၄၅၂ လုံးနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းမျိုးစုံ ၁၇၅ စုံတို့အား သိမ်းဆည်းရရှိသည်။


မြဝတီမြို့ ကျောက်ခက်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ကျောက်ခက်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သူများအနက် တရားမဝင် ပြည်ပနိုင်ငံသား ၂၁၀ အား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၁၈ ရက်တို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခက်–ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏ အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ–ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ပြီး မြန်မာ–ထိုင်း နယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လေးကေ့ကော်မှ ကျောက်ခက် ဒေသသို့သွားသည့် လမ်းကြောင်းပေါ်ရှိ သံပေါင်ဘေလီ အမျိုးအစားဖြစ်သည့် အရှည်ပေ ၈၀၊ အကျယ် ၁၃ ပေရှိ ကွျန်း (၇) ပင်တံတားအားလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိသဖြင့် နယ်မြေခံ စစ်မြေပြင် အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် တံတားပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။

ၾငင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံဒိုး–ကော့ကရိတ်– သဃ်န်းညီနောင်– မြဝတီ လမ်းကြောင်းပေါ်ရှိ ညီညာသာလင်းတံတား၊ (၅)တိုင်တံတားနှင့် ကော့နွဲ့တံတား အပါအဝင် လမ်း/တံတားများအား နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများ လမ်းကြောင်းတစ်လျှောက် ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။


အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကော့နွဲ့တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှု။

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကိုတစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေး စည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများ ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ KNU၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များ အခြေချနေထိုင်လျက်ရှိသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှုအပေါ် KNU၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အနေဖြင့် နိုင်ငံနှင့် ဒေသအပေါ် ကြီးမားစွာ ထိခိုက်နစ်နာမှုများကို လျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်မလာစေရေး ဆက်သွယ်ရေးလမ်းကြောင်းများကို သိမ်းပိုက်ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အဆိုပါ နယ်မြေနှင့် ပတ်ဝန်းကျင်ဒေသများတွင် လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော်ခရီး . . .

**တင့်ဝေ (အညာသား)**

*(ယမန်နေ့မှ အဆက်)*

**အမျိုးသားလွှတ်တော်ရေးရာကော်မတီအလိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၏ ရုံးဖုန်းနံပါတ်များ**

| ကော်မတီအမည် | အမည် | တာဝန် | မဲဆန္ဒနယ် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ဥပဒေကြမ်းကော်မတီ | ဒေါ်နွယ်နွယ်ဦး | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) | ဝ၆၇-၅၉၁၅၆၁ |
| | ဦးဇင်မင်းထက် | အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) | ဝ၆၇-၅၉၁၅၆၃ |
| ပြည်သူ့ငွေစာရင်းကော်မတီ | ဦးချစ်ဆွေ | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁ဝ) | ဝ၆၇-၅၉၁၄၅၂ |
| ပြည်သူ့ငွေစာရင်းကော်မတီ | ဦးသန်းအောင် | အတွင်းရေးမှူး | တနင်္သာရီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) | - |
| လွှတ်တော်အခွင့်အရေးကော်မတီ | ဦးဂျဲန်ဖန် နော်တောင်(ခ) ဦးနော်တောင် | ဥက္ကဋ္ဌ | ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) | - |
| | ဦးအောင်တင်မြင့် | အတွင်းရေးမှူး | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) | ဝ၆၇-၅၉၁၂၇၁ |
| အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ဦးလှသိန်း | ဥက္ကဋ္ဌ | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁ဝ) | ဝ၆၇-၅၉၁၄၁၆ |
| | ဦးရန်နိုင်ဦး | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) | - |
| နိုင်ငံတကာဆက်ဆံရေးကော်မတီ | ဦးချစ်ဆွေ | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁ဝ) | ဝ၆၇- ၅၉၁၄၆ဝ |
| | ဦးအောင်မင်းနိုင် | အတွင်းရေးမှူး | ချင်းပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) | ဝ၆၇- ၅၉၁၄၅၉ |
| အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီ | ဒေါ်မီမီကျော်ထွန်း | ဥက္ကဋ္ဌ | ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) | ဝ၆၇-၅၉၁၅၇၈ |
| | ဦးအောင်ချစ်လွင် | အတွင်းရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) | ဝ၆၇-၅၉၁၅၈ဝ |
| ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ | ဒေါက်တာနိုင်လင်း | ဥက္ကဋ္ဌ | ကယားပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) | ဝ၆၇-၅၉၁၄၇၆ |
| | ဒေါက်တာ အမ်ဇော်လတ်(ခ) ဆမ်းမားကို့စ် | အတွင်းရေးမှူး | ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) | - |
| နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီ | ဒေါက်တာ ဦးမနာမ်တူးဂျာ | ဥက္ကဋ္ဌ | ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) | ဝ၆၇-၅၉၁၄၇၇ |
| | ဦးရှားရယ် | အတွင်းရေးမှူး | ကယားပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) | - |
| တောင်သူလယ်သမားရေးရာ ကော်မတီ | ဦးချစ်ဝေ | ဥက္ကဋ္ဌ | ကရင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) | ဝ၆၇-၅၉၁၄၈ဝ |
| | ဦးခင်ဇော်ထွန်း | အတွင်းရေးမှူး | ကရင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) | - |
| လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီ | ဒေါ်သိင်္ဂီဝင်းရွှေ | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) | ဝ၆၇-၅၉၁၄၈၁ |
| | ဒေါ်ထားထားနု | အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) | ဝ၆၇-၅၉၁၃၉၇ |
| ပညာရေးမြှင့်တင်မှု ကော်မတီ | ဒေါက်တာ ကျော်ထွန်း | ဥက္ကဋ္ဌ | ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) | ဝ၆၇-၅၉၁၄၇၅ |
| | ဦးတင့်ဇော် | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) | - |
| ပြည်တွင်း/ ပြည်ပ အလုပ်သမား ဆိုင်ရာ ကော်မတီ | ဦးမျိုးမင်းနောင် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) | ဝ၆၇-၅၉၁၆၃၁ |
| | ဦးခင်မောင်ငွေး | အတွင်းရေးမှူး | မကွေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) | - |
| နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကော်မတီ | ဦးအောင်သီဟ | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) | ဝ၆၇-၅၉၁၃၉၄ |
| | ဦးရဲရင့်စိုးညွန့် | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) | - |
| စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ | ဦးထိန်လင်း | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) | ဝ၆၇-၅၉၁၄၆၁ |
| | ဦးဆီဟူးဒွေ့ | အတွင်းရေးမှူး | ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) | - |
| သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီ | ဦးလှသိန်း | ဥက္ကဋ္ဌ | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁ဝ) | ဝ၆၇-၅၉၁၃၉၉ |
| | ဒေါ်ဇင်ပပဦး | အတွင်းရေးမှူး | ဧရာဝတီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) | - |
| ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ | ဒေါက်တာ စောနေလင်းအောင် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) | ဝ၆၇-၅၉၁၅၈၁ |
| | ဦးဇော်မင်းသန်း | အတွင်းရေးမှူး | တနင်္သာရီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) | - |
| ဟိုတယ်၊ ခရီးသွား လုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ | ဦးအောင်စိုး | ဥက္ကဋ္ဌ | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) | ဝ၆၇-၅၉၁၃၉၅ |
| | ဦးဖြိုးဝေလင်း | အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) | - |
| ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ဒေါ်ကျော့ယဉ်ဝင်း | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) | ဝ၆၇-၅၉၁၄၇၁ |
| | ဒေါ်အေးချမ်းမုံ | အတွင်းရေးမှူး | မွန်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) | - |

*စာမျက်နှာ ၁၁ သို့*

# နမ့်တွန်ကြိုးဝိုင်းတော ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၂၅၂၀၀ ရှိသော နယ်မြေကို "နမ့်တွန်ကြိုးဝိုင်းတော" အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်)မှစ၍ ဖွဲ့စည်းလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းသစ်မျိုးများနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသတိုးပွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေမြေထိန်းသိမ်းရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်နှင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်၍ ကြိုးဝိုင်းတောကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ထောက်ကြံ့ စသည့် အဖိုးတန်သစ်မျိုးများနှင့် လက်ပံ၊ ဖန်ခါး၊ သစ်စေး၊ ဆီးဖြူ၊ ဘုံမဲဇာသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထာဝစဉ်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ခြင်း၊ တောကြောင်၊ ဂျီ(ချေ)၊ တောင်ဆိတ်၊ ယုန်၊ ဆတ်၊ မျောက် စသည့် တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



နမ့်တွန်ကြိုးဝိုင်းတော သဘာဝရှုခင်းပုံ



## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

## ရွှေလီ (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် မူဆယ်နှင့် နမ့်ခမ်းမြို့များတွင် ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ထားရှိပြီး မိုးရာသီကာလ နိုင်ငံပိုင်ရေအားစက်ရုံများ ရေဝင်ကောင်းမွန်သည့်ကာလတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိရာ စက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက်၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ချို့ယွင်းမှုနည်းပါးပြီး ကြံ့ခိုင်ကောင်းမွန်လာစေခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားသော မူဆယ်မြို့နှင့် နမ့်ခမ်းမြို့များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများနှင့် သစ်ပင်သစ်ကိုင်းများထိ၍ ဗို့အားကျဆင်းခြင်းမှ ကင်းဝေးစေရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ရေဆင်းဓာတ်အားလိုင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ၃၃ ကေဗွီ ဇေယျာသီရိဓာတ်အားလိုင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဓာတ်အားလိုင်းအနီးရှိ ရုံးဌာနများ၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးစကားဝိုင်း ပြုလုပ်

**မိုင်းဆတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် "ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"ခေါင်းစဉ်ဖြင့် Talk Show ကို ယနေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်လင်းဦးက အိုဇုန်းလွှာတည်နေရာနှင့်အကြောင်း၊ အိုဇုန်းလွှာကို ကာကွယ်ထိန်းသိမ်းသင့်ပုံ၊ ပျက်စီးမှုဖြစ်စေသည့် အကြောင်းရင်း၊ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကို အသုံးမပြုဘဲ အခြားအစားထိုးအသုံးပြုနိုင်သည့် ဒြပ်ပစ္စည်းများအကြောင်း၊ ကာကွယ်ရေးနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များအကြောင်း၊ မြန်မာနိုင်ငံ၏ အိုဇုန်းလွှာကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်၏ ရည်ရွယ်ချက်များအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

*စာမျက်နှာ ၁၀ မှ*

| | | | | |
|---|---|---|---|---|
| ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ ကော်မတီ | ဦးခင်မောင်တင့် | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) | ၀၆၇-၅၉၁၄၀၄ |
| | ဒေါ်နီနီမာ | အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) | ၀၆၇-၅၉၁၂၉၀ |
| တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး ဆိုင်ရာ ကော်မတီ | ဗိုလ်မှူးချုပ် အောင်အောင် | ဥက္ကဋ္ဌ | တပ်မတော်သား ကိုယ်စားလှယ် | ၀၆၇-၅၉၁၅၆၀ |
| | ဦးဇော်ဇော်မြင့် | အတွင်းရေးမှူး | ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) | ၀၆၇-၅၉၁၃၈၉ |

မဲဆန္ဒရှင်ပြည်သူများသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများထံ သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် သိလိုသည်များ၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုမှုများ၊ အခက်အခဲများကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လွှတ်တော်သည်
ပြည်သူ့အသံ - လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ

ပြည်သူတို့၏မျှော်လင့်ချက်- လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဝန်ကြီးဌာနများသို့ မေးမြန်းလိုသည်များအား လွှတ်တော်ရေးရာကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများထံ ဆက်သွယ်အသိပေး မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပေသည်။

**ကိုးကားချက်။**

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
(၂) ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO ၊ DPLA ၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် ၆၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၀**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံ တပ်စခန်းများနှင့် လုံခြုံရေး ရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ အင်းလေး PDF ၁၀ ဦး၊ ယင်းမာပင် PDF သုံးဦး၊ DPLA ခြောက်ဦး၊ KNDF နှစ်ဦး၊ ဖယ်ခုံ PDF တစ်ဦး၊ လွိုင်ကော် PDF တစ်ဦး၊ PNLO အဖွဲ့ဝင် ၃၇ ဦး စုစုပေါင်း ၆၀ တို့သည် ပစ္စတိုသေနတ် နှစ်လက်၊ M-22 သေနတ် နှစ်လက်၊ MA-1 သေနတ် နှစ်လက်၊ Type - 81 သေနတ်ကိုးလက်၊ AK-47 သေနတ် ၁၃ လက်၊ M -16 သေနတ် သုံးလက်၊ BA -72 သေနတ် တစ်လက်၊ ပွိုင့် -၂၂ သေနတ် တစ်လက်၊ နှစ်လုံးပြူး သေနတ် တစ်လက်၊ Bazooka တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၃၅ လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ကျည်မျိုးစုံ ရှစ်တောင့်၊ ယမ်းတောင့် တစ်ခု တို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် တောင်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ရွှေမြို့နယ်မှ အမျိုးသား ၁၀ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး တစ်ဦး၊ ပင်လောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား ငါးဦး၊ ယင်းမာပင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား တစ်ဦးတို့အား ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်း/ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ



တစ်ဦးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်/ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေ သိန်း ၂၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ် သိန်း ၄၀၊ Bazooka တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ရိုင်ဖယ် အုပ်စုဝင် သေနတ် တစ်လက်နှုန်း အတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၃၁ လက်အတွက် ငွေကျပ်သိန်း ၁၅၅၀၊ နှစ်လုံးပြူး သေနတ်တစ်လက်အတွက်ဆုကြေး ငွေကျပ်သိန်း ၃၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၆၀ အတွက် ဆုကြေးငွေ ကျပ်သိန်း ၁၂၀၊ စုစုပေါင်း ငွေကျပ် ၁၈၁၈ သိန်းအား ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများ ကိုယ်စား အလင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ PDF အကြမ်းဖက်အဖွဲ့က မဝင်မနေရ ခြိမ်းခြောက်စည်းရုံးခဲ့တဲ့အတွက် PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့ဝင်များက ပြည်သူတွေအပေါ် ဆက်ကြေးတွေ ကောက်ခဲ့ခဲ့တယ်။ အထက်အရာရှိ ခေါင်းဆောင်တွေက ကျွန်တော့်ကို ဆဲဆိုပြောဆိုခြင်းတွေလည်း ရှိခဲ့တယ်။ ထွက်ပြေးရင်လည်း မိဘ၊ ညီအစ်ကိုမောင်နှမတွေကို ဖမ်းဆီးမယ်ဆိုပြီးပြောတယ်။ ကျွန်တော် စိတ်ဓာတ် ကျဆင်းခဲ့ရတယ်။ ထွက်ပြေးခဲ့ပြီး အခုလိုအလင်းဝင်ရောက်လာခဲ့ရခြင်းဖြစ်တယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာတဲ့လူငယ်တွေကိုလည်း နွေးထွေးစွာ ကြိုဆိုပေးနေတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေသေးတဲ့ လူငယ်တွေကို အကြမ်းဖက်အဖွဲ့ရဲ့ ဝါဒဖြန့်ပြောစကားတွေကို နားမထောင်ဘဲ တပ်မတော်ထဲကို အလင်းဝင်ရောက်လာခဲ့ဖို့ တိုက်တွန်းလိုပါတယ်။



၂။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှာ သူငယ်ချင်းတွေရဲ့ စည်းရုံးမှုနဲ့ ကျွန်တော်အဖွဲ့ထဲကို ပါသွားတာပါ။ အဖွဲ့ထဲမှာနေစဉ်ကာလကလည်း ခေါင်းဆောင်ပိုင်းတွေက သူတို့အချင်းချင်းလည်း မတည့်ကြဘူး၊ နေရာလုနေကြတယ်။ လက်အောက်ငယ်သားတွေကို ဖိနှိပ်တာမျိုး ရပိုင်ခွင့်အပြည့်အဝ မရတာတွေလည်း ပါတာပေါ့။ နောက်ပိုင်းကျတော့ ကျွန်တော်လည်း ထိတွေ့တိုက်ပွဲတွေဖြစ်တဲ့ အချိန်ကျရင် သေမှာကြောက်တာတစ်ဖက် အခွင့်အလမ်းမရှိတာတစ်ဖက် အဲဒါကြောင့် ထွက်ပြေးခဲ့တာပါ။ တပ်မတော်ဘက်ကို အလင်းဝင်လာတော့လည်း ကောင်းကောင်းမွန်မွန်နဲ့ နွေးနွေးထွေးထွေးနဲ့ မိသားစုလို ညီအစ်ကိုမောင်နှမလို ကြိုဆိုတဲ့အတွက် ဝမ်းလည်းသာတယ် ပျော်လည်း ပျော်တယ်။ ကျန်ခဲ့တဲ့ လူငယ်လေးတွေကိုလည်း အလကားအကြောင်းမဲ့ အသေခံမယ့်အစား တပ်မတော်မှာ အလင်းဝင်ပြီးတော့ ကိုယ့်မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေထိုင်စေချင်ပါတယ်။ **သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ FPV Suicide Drone များဖြင့် တိုက်ခိုက်မှုအား လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။

ယင်းအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ရှိအများပြည်သူအသုံးပြုလျက်ရှိသည့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone ခြောက်စင်းဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ရာ လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား Drone ရန် ကာကွယ်ရေးအစီအမံများဖြင့် ဟန့်တားနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်အချို့ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ဖြစ်စဉ်တွင် လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော လေကြောင်းပို့ဆောင်ရေးဖြစ်သည့် လေယာဉ်ကွင်းအားရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိသည်။ ထို့ကြောင့် ယခုကဲ့သို့အဖျက်အမှောင့်လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ် ကျော်လွန်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကျိုက်မရောမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၁၀** ကို ယမန်နေ့က ရန်မျိုးအောင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရပ်ကွက်ရှိ ရသေ့ကျောင်းတိုက် ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဓမ္မာရုံ၌ကျင်းပရာ ဒုတိယမြို့နယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်



ထက်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာများမှ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

※ *ကျောဖုံးမှ*

ဆီမီးဖိုင်နယ်ပွဲစဉ်များ၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို Black Steel Papua FC အသင်းမှ မိုဟာမက် အယ်လ်ဘာဂီရ် နှင့် MIU FC အသင်းမှ သက်ထွန်းတို့က ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်နှင့် တတိယနေရာလုပွဲစဉ်ကို စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်အားကစားရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**



## အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဂျပန်သို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ၌ ကျင်းပမည့် (၂၀) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games 2026) အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့ ညနေပိုင်းတွင် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ မြန်မာအသင်းနည်းပြချုပ် ကောလင်းဘဲလ်သည် ယခုပြိုင်ပွဲအတွက် အပြီးသတ် ကစားသမား ၂၃ ဦး စာရင်းကို စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့သည်။ အဆိုပါလူစာရင်းတွင် ကွင်းလယ်တောင်ပံကစားသမား ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ကွင်းလယ်ကစားသမား ခင်မိုမိုထွန်း (သစ္စာအားမာန်)နှင့် နောက်ခံကစားသမား နန်းဖြူဖွေး (ရောဝတီအက်ဖ်စီ) တို့မှာ ဒဏ်ရာပြဿနာများကြောင့် ပဏာမလူစာရင်း ရွေးချယ်စဉ်ကတည်းက ပါဝင်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူး စန်းသော်သော် (ရောဝတီအက်ဖ်စီ)မှာလည်း အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲစဉ်များအပြီး လက်ရွေးစင်အသင်းနှင့် ပြန်လည်ပူးပေါင်းလေ့ကျင့်ခဲ့သော်လည်း ကာလအတန်ကြာ ရရှိထားသည့် ဒဏ်ရာမှာ မသက်သာသောကြောင့် ဆေးကုသမှုခံယူနိုင်ရန် ပြန်လည်စေလွှတ်ခဲ့ရသည်။

အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အာရှထိပ်သီးအသင်းများဖြစ်သည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်အတူ အုပ်စု (B) ၌ ကျရောက်နေပြီး အုပ်စုပွဲစဉ်အားလုံးကို အိုဆာကာမြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြောက်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

○ *ကျောဖုံးမှ*

အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊ - ၆၀) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် မင်းခန့်ကျော် (ကရင်) နှင့် ဝေယံလင်း(ရန်ကုန်) တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေယံလင်း (ရန်ကုန်)က မင်းခန့်ကျော် (ကရင်) ကိုလည်းကောင်း၊ (-၅၀) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ခိုင်ခန့်(ရန်ကုန်)နှင့် စောလင်းလက်ကြယ်စင်(ကရင်)တို့ ယှဉ်ပြိုင်ခဲ့ရာ ခိုင်ခန့်(ရန်ကုန်)က စောလင်းလက်ကြယ်စင် (ကရင်) ကိုလည်းကောင်း၊ (-၅၅) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ဖြိုးမာန်နိုင်(ကယား)နှင့် ဇော်မျိုးထက် (မန္တလေး) တို့ ယှဉ်ပြိုင်ခဲ့ရာ ဖြိုးမာန်နိုင် (ကယား)က ဇော်မျိုးထက် (မန္တလေး) ကိုလည်းကောင်း၊ (-၆၀) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နိုင်ဟိန်းထက်(မန္တလေး)နှင့် ဝေလင်းထွေး (ရောဝတီ) တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေလင်းထွေး (ရောဝတီ)က နိုင်ဟိန်းထက်(မန္တလေး)ကိုလည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (-၄၂၊ -၅၂၊ -၅၇-၆၃) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ကြည်လဲ့လဲ့ထွန်း(ရှမ်း)နှင့် အိချစ်ဆုစံ(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ အိချစ်ဆုစံ(ရန်ကုန်)က ကြည်လဲ့လဲ့ထွန်း(ရှမ်း)ကိုလည်းကောင်း၊ (-၅၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သဇင်ဖြိုး(ကချင်)နှင့် နှင်းဝတ်မှုံလွင် (ရောဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ နှင်းဝတ်မှုံလွင် (ရောဝတီ)က သဇင်ဖြိုး (ကချင်) ကိုလည်းကောင်း၊ (-၅၇) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် နန်းမိုးပွင့်ဖြူ(ကရင်)နှင့် ဘမ်းတောင် (ကချင်) တို့ ယှဉ်ပြိုင်ခဲ့ရာ ဘမ်းတောင်(ကချင်)က နန်းမိုးပွင့်ဖြူ (ကရင်)ကိုလည်းကောင်း၊ (-၆၃) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သီတာအောင်(ပဲခူး) နှင့် စန္ဒာဝင်း(ချင်း)တို့ ယှဉ်ပြိုင်ခဲ့ရာ စန္ဒာဝင်း (ချင်း)က သီတာအောင်(ပဲခူး)ကိုလည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး (-၅၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘမ်းတောင်(ကချင်)၊ ဒုတိယဆုရရှိသည့် နန်းမိုးပွင့်ဖြူ (ကရင်)၊ တတိယဆုရရှိသည့် ခင်ထွေးထွေးအောင်(မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် ငွေအိမ်စံ (ရှမ်း)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးက လည်းကောင်း၊ အမျိုးသမီး (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စန္ဒာဝင်း(ချင်း)၊ ဒုတိယဆုရရှိသည့် သီတာအောင်(ပဲခူး)၊ တတိယဆုရရှိသည့် ခိုင်ဇင်ထက်(မန္တလေး)နှင့် ပူးတွဲ တတိယဆုရရှိသည့် နန်းနုနုခေါင်(ရှမ်း)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က လည်းကောင်း၊ အမျိုးသား(-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဖြိုးမာန်နိုင် (ကယား)၊ ဒုတိယဆုရရှိသည့် ဇော်မျိုးထက် (မန္တလေး)၊ တတိယဆုရရှိသည့် မင်းဇော်ဟိန်း (ရခိုင်) နှင့် ပူးတွဲတတိယဆုရရှိသည့် ခွန်နေလင်းအောင် (ရှမ်း)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၏ ဇနီးက လည်းကောင်း၊ အမျိုးသား(-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဝေလင်းထွေး (ရောဝတီ)၊ ဒုတိယဆုရရှိသည့် နိုင်ဟိန်းထက် (မန္တလေး)၊ တတိယဆုရရှိသည့် တင်မိုး(နေပြည်တော်)နှင့် ပူးတွဲတတိယဆုရရှိသည့် ဟိန်းဆက် (ကယား) တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(+၆၃၊ - ၆၀၊ -၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများ ဖြစ်သည့် MRTV HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

Galaxy အသင်း ချေပဂိုးပြန်လည်ရရှိရေး ထိုးဖောက် ကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်သည် အဆင့်(၃) နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အဆင့်(၂) နေရာမှ ဒဂုံစတားယူနိုက်တက်အသင်းတို့ တွေ့ဆုံမှုဖြစ်ပြီး နှစ်သင်းစလုံးသည် အသစ်ခေါ်ယူထားသည့် ကစားသမားအချို့ကို ပွဲထုတ်ကာ အပြန်အလှန် ဖိအားပေးကစားခဲ့ကြသည်။

ရန်ကုန် ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း ပွဲချိန် ၂၀ မိနစ်တွင် ကျော်ညီညီက သွင်းယူပေးခဲ့သည်။ ထို့နောက် ဒဂုံစတားယူနိုက်တက်အသင်းမှ ချေပဂိုးရရှိရန် အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်ယူနိုက်တက် ခံစစ်နှင့် ဂိုးသမားတို့၏ လက်စွမ်းပြကာကွယ်မှုများကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံး ကစားသမားဆုကို လက်စွမ်းပြ ကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်ဂိုးသမား ဇင်မင်းဇော်က ရရှိခဲ့သည်။

M League 2026 U-20 ဒုတိယအကျော့ အပတ်စဉ်(၁၄) ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၁ ရက်တွင် ရှမ်းယူနိုက်တက်နှင့် FALCON အသင်း(ဗဟန်းကွင်း)၊ သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်အသင်း(YUSC ကွင်း) တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

▼ *ကျောဖုံးမှ*

ကိုကိုဂေါ့ဖ်သည် ၂၀၂၃ ယူအက်စ်အိုးပင်းနှင့် ၂၀၂၅ ပြင်သစ်အိုးပင်းပြိုင်ပွဲတို့တွင် ဖလားဆွတ်ခူးရရှိထားသည်။

ကိုကိုဂေါ့ဖ်သည် ဆီမီးဖိုင်နယ်တွင် ကာဇက်စတန်တင်းနစ်မယ် အယ်လီနာ ရီဘာကီနာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရီဘာကီနာသည် ကွာတားဖိုင်နယ်တွင် တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်းကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၃-၆၊ ၆-၁၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ် တက်လှမ်းလာသူ ဖြစ်သည်။ **အောင်ဇော်**

❑ *ကျောဖုံးမှ*

မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ နှစ်ဖက်နိုင်ငံမှ မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသော အလိုရှိတရားခံပြေးများ ဖမ်းဆီးရမိရေး အပြန်အလှန် သတင်းဖလှယ်ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိနေအိမ်၌ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mr. Boy Lueansiri ၊ Ms. Kulapom Makvemal နှင့် ဇူလိုင် ၁၇ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ နေအိမ်၌ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mrs. Chonlanat(ခ) Budsanee Insuwan တို့ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ မူးယစ်ပြစ်မှုဖြင့် အဓိကအလိုရှိတရားခံပြေး သုံးဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေ (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇(၂) အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး သုံးဦးအား စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာ-ထိုင်း နယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတား၌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သော အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူးချုပ် Pol. Maj. Suriya Singhaka-mol ဦးဆောင်သည့် အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ပြင် တာချီလိတ်မြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်နေထိုင်နေသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး Mr.Charong Montim ၊ Mr. Veerarit Lekkul (ခ) Num နှင့် Mr. Arnon Janta (ခ) Oak ၊ ပြန်ပေးမှုဖြင့် အလိုရှိတရားခံပြေး Mr. Veerarit Lekkul (ခ) Num ၊ အထောက်အထားမဲ့နေထိုင်သူ Mr. Piyapat Kongkuea နှင့် Ms. Nuchanat Suwannakon တို့ ခြောက်ဦးကို လူဝင်မှုကြီးကြပ်ရေးဥပဒေ (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇(၂)အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခဲ့သဖြင့် တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တာချီလိတ်မြို့နယ် လဝကမှူး ဦးစိုင်းဝင်းလတ်ထွန်းက ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးမှူး Pol.Lt.Col. Oattarapong Chucheun ထံသို့ ဆက်လက်လွှဲပြောင်းပေးခဲ့သည်။


နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတကာမှ မူးယစ်ဆေးဝါးပြစ်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ကျူးလွန်ပြီး နယ်စပ်ဒေသများ၌ ထွက်ပြေးတိမ်းရှောင်ကာ မှုခင်းများထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်နှင့် ရုရှား နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲအောင်မြင်စွာပြီးဆုံး

**မော်စကို စက်တင်ဘာ ၁၀**

ဗီယက်နမ်ခေါင်းဆောင် တိုလမ်သည် ရုရှားသမ္မတ ဗလာဒီမာ ပူတင်နှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီးနောက် ဆွေးနွေးပွဲများကို အောင်မြင်စွာ အဆုံးသတ်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် စွမ်းအင်နှင့် လုံခြုံရေးကဏ္ဍများအပါအဝင် နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် သဘောတူခဲ့ကြသည်။



အဆိုပါဆွေးနွေးပွဲကို ယမန်နေ့က ရုရှားနိုင်ငံ မော်စကိုမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပူတင်က ဗီယက်နမ်နိုင်ငံကို အာရှ-ပစိဖိတ်ဒေသတွင် ယုံကြည်စိတ်ချရပြီး ဦးစားပေးဆက်ဆံသည့် မိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ပြောကြားခဲ့ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်သည်။

လက်ရှိတွင် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တာဝန်နှစ်ရပ်စလုံးကို ထမ်းဆောင်နေသည့် တိုလမ်ကလည်း ရုရှားနိုင်ငံသည် ဗီယက်နမ်၏ နိုင်ငံခြားရေးမူဝါဒတွင် အထူးဦးစားပေး မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် အစီအစဉ်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# Apple က ပထမဆုံး ခေါက်သိမ်းနိုင်သည့် အိုင်ဖုန်းကို မိတ်ဆက်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၀**

အမေရိကန်နည်းပညာကုမ္ပဏီ Apple က ၎င်း၏ ပထမဆုံးခေါက်သိမ်းနိုင်သည့် စမတ်ဖုန်း iPhone Duo ကို စက်တင်ဘာ ၉ ရက်တွင် မိတ်ဆက်ခဲ့သည်။ အဆိုပါဖုန်းတွင် ၇ ဒသမ ၆ လက်မအရွယ် အတွင်းမျက်နှာပြင်နှင့် ၅ ဒသမ ၄ လက်မအရွယ် အပြင်မျက်နှာပြင်ပါဝင်ပြီး ခေါက်သိမ်းထားချိန်တွင် နိုင်ငံကူးလက်မှတ်အရွယ်အစားခန့် ရှိမည်ဖြစ်သည်။

iPhone Duo တွင် အကြောင်းအရာများကြည့်ရှုခြင်း၊ ဂိမ်းကစားခြင်းနှင့် အက်ပလီကေးရှင်းများကို တစ်ပြိုင်နက်အသုံးပြုခြင်းတို့အတွက် မျက်နှာပြင်ကျယ်ကျယ်အသုံးပြုနိုင်မည်ဖြစ်သည်။Apple ၏ အမှုဆောင်အရာရှိချုပ် John Ternus က iPhone Duo သည် ပထမဆုံး အိုင်ဖုန်းထွက်ရှိခဲ့ချိန်မှစ၍ အိုင်ဖုန်းထုတ်ကုန်တွင် အကြီးမားဆုံးပြောင်းလဲမှုများအနက် တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ iPhone Duo ကို အောက်တိုဘာ ၁၆ ရက်တွင် ကြိုတင်မှာယူနိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဘင်္ဂလားဒေ့ရှ်၌ ဝက်သက်ရောဂါဖြစ်ပွားမှုထိန်းချုပ်ရန် အာဏာပိုင်များ ကြိုးစားရုန်းကန်နေရ

**ဒါကာ စက်တင်ဘာ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါ အကြီးအကျယ်ဖြစ်ပွားနေမှုကို ထိန်းချုပ်ရန် အာဏာပိုင်များ ရုန်းကန်နေရပြီး ဆင်းရဲနွမ်းပါးသော လူမှုအသိုင်းအဝိုင်းများမှာ အထူးသဖြင့် ထိခိုက်ခံစားနေရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ပြောကြားချက်အရ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၅၇၀၀၀ ကျော်ရှိခဲ့ပြီး အခြားနိုင်ငံများထက် အရေအတွက်အများဆုံးဖြစ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက မတ်လမှစတင်၍ ဝက်သက်ရောဂါရှိသည်ဟု သံသယရှိသူနှင့် အတည်ပြုသေဆုံးသူ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း ပြောကြားသည်။

WHO ၏အဆိုအရ ပြီးခဲ့သည့်တစ်နှစ်အတွင်း ကာကွယ်ဆေးပြတ်လပ်မှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံမှုများတွင် ကွာဟချက်များရှိခဲ့ခြင်းတို့ကြောင့် ရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာခဲ့သည်။ အထူးသဖြင့် ကလေးငယ်များမှာ အဆိုပါအခြေအနေကြောင့် ထိခိုက်မှုများပြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့တို့သည် ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ရန်အတွက် ဧပြီလမှစတင်ကာ အရေးပေါ်ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကနေဒါမှ တင်သွင်းသည့် ကုန်စည်အချို့ကို တားမြစ်မည်ဟု ထရမ့်ကြေညာ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

ကနေဒါနိုင်ငံမှ တင်သွင်းသည့် မော်တော်ဆိုင်ကယ်၊ ယမကာနှင့် နို့ထွက်ပစ္စည်းတို့အပါအဝင် ကုန်ပစ္စည်းအချို့ကို ပိတ်ပင်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၈ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါကြေညာချက်သည် အမေရိကန်အရှေ့ပိုင်းစံတော်ချိန် စက်တင်ဘာ ၂၉ ရက် နံနက် ၁၂ နာရီ ၁ မိနစ်တွင် စတင်အသက်ဝင်မည်ဟု သမ္မတထရမ့်က ပြောသည်။

ကနေဒါနိုင်ငံက အမေရိကန်ထုတ်မော်တော်ကားများ၊ ဖျော်ရည်ယမကာနှင့် နို့ထွက်ပစ္စည်းများအပါအဝင် အခြားကုန်ပစ္စည်းများအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့သည့်အတွက် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်ဟု အမေရိကန်ဘက်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက မိုခါပင်လယ်နီဆိပ်ကမ်းမြို့ကို သိမ်းယူ

**အေဒင် စက်တင်ဘာ ၁၀**

ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက နိုင်ငံတကာ ရေကြောင်းသွားလာမှုအတွက် အရေးပါသော ဘက်အယ်လ်-မန်ဒက်ဘ်ရေလက်ကြားအနီး အနောက်တောင်ပိုင်း တာအက်ဇ်ပြည်နယ် အတွင်းရှိ မဟာဗျူဟာအရ အရေးပါသော ပင်လယ်နီဆိပ်ကမ်းမြို့ မိုခါကို စက်တင်ဘာ ၁၀ ရက်တွင် သိမ်းယူခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နာရီပေါင်းများစွာကြာ ပဋိပက္ခများဖြစ်ပွားပြီးနောက် ဟူသီတပ်ဖွဲ့များက မိုခါမြို့သို့ ဝင်ရောက်လာခဲ့သဖြင့် အစိုးရတပ်ဖွဲ့များက မိုခါမြို့နှင့် ဘက်အယ်လ်-မန်ဒက်ဘ်ရေလက်ကြားအတွင်းရှိ ကမ်းရိုးတန်းဒေသ ဒူဘက်ဆီသို့ ဆုတ်ခွာသွားကြောင်း သိရသည်။

မိုခါမြို့နှင့် အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ အခြားဒေသများတွင် ပဋိပက္ခများဖြစ်ပွားမှုကြောင့် ထောင်နှင့်ချီသည့် မိသားစုများ နေရာပြောင်းရွှေ့ခဲ့ကြောင်း ဒေသတွင်းတာဝန်ရှိသူက ပြောကြားသည်။

ဆော်ဒီ တိုက်လေယာဉ်များက မကြာသေးမီအချိန်များအတွင်း တာအက်ဇ်၊ ဟိုဒေးဒါ၊ အယ်လ်-ဂျော့ဖ်နှင့် မာရက်ဘ်ပြည်နယ်တို့အတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၄၀ ခန့် လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံပိုင်ဆာဘာသတင်းအေဂျင်စီကသတင်းထုတ်ပြန်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ ဆော်ဒီဘက်က ချက်ချင်းရှင်းလင်းပြောကြားခြင်း မရှိသေးပေ။

**ဆင်ဟွာ**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မီးလောင်မှုကြောင့် ကျောင်းသား ၁၅ ဦးသေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၁၀**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)အရှေ့ပိုင်း တောင်ကီဗူးပြည်နယ်၏ မြို့တော် ဘူကာဗူး၌ စက်တင်ဘာ ၁၀ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ ကျောင်းသား ကျောင်းသူ ၁၅ ဦး သေဆုံးပြီး အခြားသူအများအပြားပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာများက ထုတ်ပြန်ထားသည်။

သေဆုံးသူများမှာ အူဂျာမာနှင့် ဖူရာအာကျောင်းတို့မှ ကျောင်းသားကျောင်းသူများဖြစ်ကြပြီး မီးလောင်မှုကြောင့် ထွက်ပြေးရန် ကြိုးပမ်းချိန် လူအုပ်လိုက် ပြုံတိုးခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မီးခိုးမွန်ဒဏ်ခံစားရသည့် အခြားလူအများအပြားမှာ ဆေးကုသမှုခံယူလျက်ရှိပြီး အချို့မှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးပေ။

**ဆင်ဟွာ**

# ဖိလစ်ပိုင် ကူးတို့ရေယာဉ် မီးလောင်မှုကြောင့် ငါးဦးသေဆုံးပြီး ၈၆ ဦး ပျောက်ဆုံး

**မနီလာ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်းကမ်းလွန်ပင်လယ်ပြင်တွင် ခုတ်မောင်းနေသည့် ကူးတို့ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၈၆ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။



အဆိုပါရေယာဉ်သည် စက်တင်ဘာ ၉ ရက်က မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ပြောသည်။ ယင်းရေယာဉ်သည် မနီလာမြို့မှထွက်ခွာလာပြီး အနောက်ပိုင်း ပါလာဝန်ပြည်နယ်ရှိ ကော်ရွန်အပန်းဖြေကျွန်းအနီး ခုတ်မောင်းလာစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါရေယာဉ် မီးလောင်နေသည့် ဗီဒီယိုဖိုင်ကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ထုတ်ပြန်ခဲ့သည်။

ယင်းရေယာဉ်ပေါ်တွင် ခရီးသည် ၁၃၄ ဦးလိုက်ပါလာပြီး ယခုအချိန်အထိ ၄၃ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

သို့သော် ရာသီဥတုအခြေအနေ ဆိုးရွားနေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အနှောင့်အယှက်များနှင့် အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ ငှက်ဖျားကင်းစင်သည့် နိုင်ငံအဖြစ် ၁၀နှစ်ပြည့်မြောက်ခြင်း အခမ်းအနားကျင်းပ

**ကိုလံဘို စက်တင်ဘာ ၁၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသိအမှတ်ပြုထားသည့် ငှက်ဖျားရောဂါကင်းစင်သည့် နိုင်ငံအဖြစ် သီရိလင်္ကာနိုင်ငံ ရပ်တည်လာသည်မှာ ၁၀ နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို သီရိလင်္ကာနိုင်ငံ၌ ကျင်းပခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံအတွင်း ငှက်ဖျားရောဂါ ဖြစ်ပွားမှုမရှိစေရန် ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ငှက်ဖျားရောဂါကင်းစင်သည့် နိုင်ငံအဖြစ် WHO ၏ အသိအမှတ်ပြုခြင်းကို ရရှိခဲ့သည်။

ထို့နောက် ငှက်ဖျားရောဂါ ပြန်လည်ဖြစ်ပွားလာခြင်းမရှိစေရန် စောင့်ကြည့်စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

စက်တင်ဘာ ၈ ရက်က ကျင်းပသည့် အရှေ့တောင်အာရှဆိုင်ရာ WHO ဒေသတွင်းကော်မတီ၏ (၇၉) ကြိမ်မြောက် အစည်းအဝေးတွင် သီရိလင်္ကာနိုင်ငံသည် ငှက်ဖျားကင်းစင်သည့် နိုင်ငံအဖြစ် အသိအမှတ်ပြုခံရသည့် နိုင်ငံအချို့တွင် ပါဝင်ခဲ့သည်။

**ဆင်ဟွာ**

# ပြည်သူများ မျှော်ရည်သန်ရာ အနာဂတ် ရွှေပြည်တော်ကြီးဆီ ပူးပေါင်းအားဖြင့် အရောက်ချီမည်

ရွှေယွန်း

ပြည်မြန်မာကို စပါးခင်းများ၊ သီးနှံစိုက်ခင်းများဖြင့် ရာသီပတ်လုံး စိမ်းစိုသာယာစေလိုကြသည်။ **"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ့"** ဆိုသကဲ့သို့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစေလိုကြသည်။ ပြည်ရွာအနှံ့ လျှပ်စစ်ယာဉ် ရထားများစီး၍ လွယ်လင့်တကူ ခရီးလမ်းပန်း ပွင့်လန်းစေလိုကြသည်။ ပြည်မြန်မာတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော နည်းပညာများလည်း ထွန်းကားစေချင်ကြသည်။ စက်ရုံ၊ အလုပ်ရုံများ စည်စည်ဝေဝေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ပေါများစေလိုကြသည်။

ထို့အတူ ရာသီအလိုက် ပွဲတော်များကျင်းပရင်း ကမ္ဘာအနှံ့အပြားက မြန်မာပြည်လာခရီးသွားများကို **"ဒါတို့မြန်မာ့ယဉ်ကျေးမှု"**ဟု ဖိတ်ခေါ်ဟစ်ကြွေးလိုကြသည်။ ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းများတွင် လှူဒါန်းကုသိုလ်ပြုသူများဖြင့် ရာသီမပြတ် စည်ကားလိုကြသည်။ ကမ္ဘာတည်သရွေ့ မြန်မာပြည်ကြီးတည်ရှိကာ တိုင်းရင်းသားသွေးချင်း ညီရင်းအစ်ကို သွေးချင်းမောင်နှမအချင်းချင်း ချစ်ကြည်စည်းလုံးစွာ နေထိုင်လိုကြသည်။ မြေပေါ် မြေအောက်ပေါကြွယ်ဝသည့် သယံဇာတများကို အနာဂတ်မြန်မာနိုင်ငံသားတို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းသွားလိုကြသည်။ ထိုထက်မက ပြည်မြန်မာကို ဖွံ့ဖြိုးသာယာစေလိုသည့်ဆန္ဒများလည်း ရှိကြသည်။

ပြည်မြန်မာထက်သာသည့် တစ်ပြည်တစ်ရွာကို မြင်လေတိုင်း၊ တွေ့လေတိုင်း အမိနိုင်ငံတော်ကြီးကို သူတို့ထက် ပို၍သာလွန်စေချင်ကြသည်။ တိုးတက်ဖွံ့ဖြိုးစေချင်ကြသည်မှာ နိုင်ငံသားတိုင်း နိုင်ငံအပေါ် ထားရှိသည့်စေတနာဖြစ်ပါသည်။ ထိုကဲ့သို့ အမိနိုင်ငံသားများ လိုလားတောင့်တသော ပို၍သာလွန်ကောင်းမွန်သည့် အနာဂတ်နိုင်ငံကို လက်တွေ့လုပ်ဆောင်မှုမပါဘဲ တည်ဆောက်၍မရနိုင်သည်မှာလည်း အမှန်တရားဖြစ်ပါသည်။

ဤနေရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ရွေးချယ်မှုများသည် နိုင်ငံတော်အစိုးရ၏ တာဝန်၊ အစိုးရတစ်ရပ်ကသာ ဖော်ဆောင်သွားရမည့်အရေးကိစ္စများ ဖြစ်သည်ဟု ပြည်သူများက သတ်မှတ်ထား၍မရပါ။ မည်သည့်ကဏ္ဍများကို အလေးပေးမည်၊ ပြည်သူ့ကဏ္ဍအတွက် မည်သည်တို့က အရေးပါသည်ကို ပြည်သူများကပါဝင်ကာ ပုံဖော်ဖန်တီးကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေသည့် မြန်မာ့စီးပွားရေးစနစ်အတွက် ပထဝီစီးပွားရေး အခွင့်အလမ်းများကို မလွတ်တမ်း ဆုပ်ကိုင်အသုံးချကြရမည်ဖြစ်သည်။ သို့အတွက် တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းကြရမည်၊ သွေးစည်းကြရမည်၊ စည်းလုံးကြရမည်။

## မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခွင့်အလမ်းများစွာရှိ

မြန်မာနိုင်ငံသည် စိန်ခေါ်မှုများ ရှိနေသော်လည်း ယခုထက်မက လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများစွာ ရှိနေသည်။ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အခွင့်အလမ်းများစွာ ရှိနေသည်ကို ပထဝီနိုင်ငံရေးကျွမ်းကျင်သူပညာရှင်များက အမြဲ ထောက်ပြဆွေးနွေးကြသည်။

သို့သော် ဖွံ့ဖြိုးမှုအခွင့်အလမ်းများ ဖန်တီးရာတွင် ညှိနှိုင်းဖြေရှင်းရန် လက်ကမ်းမပေးသည့်၊ ပြည်သူများလိုလားသည့် လမ်းကြောင်းကို အစိုးရတစ်ရပ် မှန်မှန်ဖြောင့်ဖြောင့် အကောင်အထည်မဖော်နိုင်အောင် ရည်ရွယ်လုပ်ဆောင်နေသည့်၊ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ပြည်ပသြဇာ ဝင်ရောက်စွက်ဖက်စေလိုသည့် အကြမ်းဖက်အင်အားစု၏ လုပ်ဆောင်မှုများကို ဤနေရာတွင် ပြည်သူများ သတိချပ်ရမည်သာ။

မည်သို့သော အဆိုးမြင် ဆန့်ကျင်လုပ်ဆောင်မှုများ ရှိနေလင့်ကစား အစိုးရနှင့် ပြည်သူပူးပေါင်းအားဖြင့် ကောင်းမွန်စွာကျော်လွှားသွားနိုင်ပါသည်။ ထို့အတွက် ပထဝီစီးပွားရေးအခွင့်အလမ်းများကို မိမိရရ ဆုပ်ကိုင်နိုင်ရန်၊ နိုင်ငံပိုမိုဖွံ့ဖြိုးရန် အစိုးရတစ်ရပ် ရှေ့ဆက်တက်လှမ်းရမည့် ခြေလှမ်းများအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်အားသည် အရေးပါလှသည်။

**စာရေးသူသည် ၂၀၂၄ ခုနှစ် မတ်လက နေပြည်တော်၌ ကျင်းပခဲ့သည့် ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်နားထောင်ခဲ့ပြီး မှတ်စုစာအုပ်ထဲတွင် ကျောက်ဖြူစီမံကိန်းကို ယခင်နှစ်ပေါင်းများစွာကပင် စဉ်းစားပြင်ဆင်ခဲ့မှု၊ မြစ်ဆုံစီမံကိန်းသာ ဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်မည့်အခြေအနေ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးလမ်းကြောင်းများဖောက်လုပ်ရန် စီစဉ်ခဲ့သည့်အခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ Dry Port Zone များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ လက်ရှိကာလပိတ်ဆို့မှုများနှင့် အစိုးရ၏ ဖြေရှင်းဆောင်ရွက်နေမှုများကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်းဟူ၍ မှတ်သားထားခဲ့ပါသည်။**

အဆိုပါဆွေးနွေးပွဲတွင် ထိုစဉ်က ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေး လေ့လာသုံးသပ်သူပညာရှင်များ ဆွေးနွေးထောက်ပြသည့် အကြောင်းအရာများကို ၂၀၂၅ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတွင် ထပ်ဆင့်ကြားသိခွင့်ရခဲ့ပါသည်။ အဆိုပါသုံးသပ်ဆွေးနွေးပွဲတွင် နိုင်ငံတကာ နိုင်ငံရေးရာ ကျွမ်းကျင်သူများက မြန်မာ့အရေး စေ့စေ့ငုငု ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။ အဓိက သဘောတရားကို စုစည်းအဖြေထုတ်ပါက ပြောင်းလဲလာနေသည့် ဗဟုဝင်ရိုးကမ္ဘာအစီအစဉ်ကြီးထဲတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်ရရှိလိုပါက ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး ပကတိအခြေအနေအသစ်များကို လိုက်လျောညီထွေဖန်တီးဖော်ဆောင်ရေးသာဖြစ်သည်။

## အရင်းအမြစ်များ ကောင်းစွာအသုံးချနိုင်ရေး လိုအပ်

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံငါးနိုင်ငံရှိပြီး လူဦးရေအများဆုံးဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ လေးဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ကို ဝေးဝေးရှာစရာမလိုတော့ပေ။ တည်ရှိသည့်အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရေးသာ လိုအပ်တော့သည်ကို ဆွေးနွေးပွဲတွင် ပညာရှင်များက ထောက်ပြဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍများဖြစ်သည့် စားရေရိက္ခာ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍများကဲ့သို့ လုပ်ငန်းများကို ဦးစားပေး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရေးကို အလေးပေးဆွေးနွေးကြသည်။ နည်းပညာနှင့် ဒီဂျစ်တယ်၊ အချုပ်အခြာပိုင်ဆိုင်မှု၏အရေးပါမှုကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ထို့အတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ထားသင့်သည့် အကြောင်းအရာများကို နိုင်ငံတကာရေးရာအခြေအနေနှင့်တကွ အကြံပြုဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ နိုင်ငံအတွက် ဆွေးနွေးခဲ့မှုများသည် စကားအရာဖြင့် ရပ်တန့်ထား၍မရပါ။

## စွမ်းအင်လိုအပ်ချက် အလေးပေးဆောင်ရွက်

ထို့ကြောင့် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ လက်တွေ့အကျိုးရလဒ်ခံစားရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် စွမ်းအင်လိုအပ်ချက် ပြည့်စုံဖူလုံရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

**"မြန်မာနိုင်ငံ၌ စွမ်းအင်ရရှိရေးစီမံကိန်းဆိုသည်နှင့် အကျိုးထက် အပြစ်ကိုသာ တွင်တွင်ထောက်ပြကြသော အဆိုးမြင် ဝေဖန်မှုများအပေါ် ပြည်သူများအနေဖြင့် အချက်အလက်၊ အကျိုးအကြောင်းဖြင့် မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်စေလိုသည်။ ဆည်တာတမံများရှိသည်မှာ မကောင်း၊ ရေအားလျှပ်စစ်စီမံကိန်းဆိုသည်မှာ မကောင်း၊ ကျောက်မီးသွေးအသုံးပြုစီမံကိန်းဆိုသည်မှာ မကောင်း၊ နျူကလီးယားစွမ်းအင်လည်း မကောင်းဟု တွင်တွင်ဆိုနေပါလျှင် ဖွံ့ဖြိုးရေးရှေ့ရေးမှာ အရှိန်လျော့နေပေလိမ့်မည်"**

**"စွမ်းအင်လိုအပ်ချက်က ဖွံ့ဖြိုးမှုတစ်ဆင့်တက်တိုင်း တိုးတက်လိုအပ်နေဦးမည်သာ။ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှုအချိုး ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲနေပြီဖြစ်သော်လည်း ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိ ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ငါးရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal)မှ ၄၈ ရာခိုင်နှုန်းရှိပြီး လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုး (Electrification Ratio) မှာ ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲလျက်ရှိကြောင်း သိရသည်"**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍစုံအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။ ပြည်တွင်း၌လည်း နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

လက်ရှိပြည်တွင်း၌ ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စွမ်းအင်လိုအပ်ချက်အတွက် အစီအစဉ်များစွာဖြင့် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေသည်။ စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံအတွင်း ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိကာလတွင် ရာခိုင်နှုန်းပြည့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်းမရှိသေးသည့်အတွက် ပြည်ပမှ တင်သွင်းနေရမှုအပေါ် ပြည်သူလူထုအနေဖြင့် ဈေးနှုန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ထိခိုက်နစ်နာမှုမရှိစေရေး အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း သဘာဝဓာတ်ငွေ့ရည်ကို သဘာဝဓာတ်ငွေ့ပြန်လည်ပြုလုပ်၍ ဓာတ်အားပေးစက်များ မောင်းနှင်သုံးစွဲနိုင်ရေး၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချက်စက်ရုံသစ်စီမံကိန်းကဲ့သို့ စီမံကိန်းအသစ်များဖြင့် စွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။

**စွမ်းအင်လိုအပ်ချက်က ဖွံ့ဖြိုးမှုတစ်ဆင့်တက်တိုင်း တိုးတက်လိုအပ်နေဦးမည်သာ။ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှုအချိုး ၇၁ ဒသမ ၃၉ ရာခိုင်နှုန်းရရှိသုံးစွဲနေပြီဖြစ်သော်လည်း ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ငါးရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal) မှ ၄၈ ရာခိုင်နှုန်းရှိပြီး လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား ရရှိမှုအချိုး (Electrification Ratio) မှာ ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲလျက်ရှိကြောင်း သိရသည်။**

နိုင်ငံအတွက် လိုအပ်နေသည့် စွမ်းအင်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ တည်ရှိနေသည့်၊ ပေါကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို မေ့ထား၍မရပေ။ သဘာဝအရင်းအမြစ်များကို ထိခိုက်မှုမရှိစေဘဲ စနစ်တကျ ဆောင်ရွက်သည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်သုံး အစရှိသည်ဖြင့် စွမ်းအင်ရရှိရေးစီမံကိန်းများစွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်နေသည်။

*စာမျက်နှာ ၁၇ သို့*

## ကော့သောင်းမြို့ အထက(ခွဲ) ပုလိုတုံတုံးကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကော့သောင်း စက်တင်ဘာ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း အခမ်းအနားကို ကော့သောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ပုလိုတုံတုံးကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ



ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာရိတ္တခေါင်းစဉ်၊ လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်၊ လူငယ်နှင့် စာပေခေါင်းစဉ်၊ လူငယ်နှင့် အားကစားခေါင်းစဉ် တို့ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရွှေပြည်သာ စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးက အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကို မြို့နယ်မီးသတ်ဦးစီးမှူးထံ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ ကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**





## လက်ပံတန်း၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**လက်ပံတန်း စက်တင်ဘာ ၁၀**

လက်ပံတန်းမြို့နယ် ဥပဒေရုံးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်း (၁/၂၀၂၄) ကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့မရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ မအူကုန်းရပ်ကွက်၊ ဘီးလင်းတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆုပွင့်ဖြူမိုးက လိုအပ်သည်များကို ရှင်းလင်းခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့ပေါ်လေးရပ်ကွက်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ငဖဲမြို့နယ် ဇင်ပြွန်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ဆောင်ရွက်ပေး

**ငဖဲ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်မှုကို ယမန်နေ့က ဇင်ပြွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်သည်။



မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးဦးသန်းဌေးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ပြောကြားပြီး မြို့နယ် ရုံးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ အသက် ၁၀နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ ၄၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ပေးမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) မှ ကြီးမှူး၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **ဘုန်းမြတ်**






## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ပါ။ ကမ္ဘာ့နိုင်ငံများသည် လိုအပ်သည့်စွမ်းအင်အတွက် နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းများ၊ လောင်စာများကနေ ထုတ်ယူသုံးစွဲနိုင်ရန် စီမံကြရသည်။ မိမိနိုင်ငံရှိ အရင်းအမြစ်၏ အားသာချက်၊ အားနည်းချက်များအပေါ်လိုက်ပါပြီး စီမံခန့်ခွဲကြရသည်။ မည်သည့်အရင်းအမြစ်မှမဆို ထုတ်ယူသုံးစွဲပါက ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေမည်မှာ အမှန်တရားဖြစ်ပါသည်။ သို့သော် ကောင်းကျိုးက များများ၊ ဆိုးကျိုးက နည်းနည်းဖြစ်အောင် ဆောင်ရွက်ကြရပါသည်။

ဤနေရာတွင် မြန်မာနိုင်ငံ၌ စွမ်းအင်ရရှိရေးစီမံကိန်းဆိုသည်နှင့် အကျိုးထက် အပြစ်ကိုသာ တွင်တွင်ထောက်ပြကြသော အဆိုးမြင်ဝေဖန်မှုများအပေါ် ပြည်သူများအနေဖြင့် အချက်အလက်၊ အကျိုးအကြောင်းဖြင့် မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်စေလိုသည်။ ဆည်တာတမံများရှိသည်မှာ မကောင်း၊ ရေအားလျှပ်စစ်စီမံကိန်းဆိုသည်မှာမကောင်း၊ ကျောက်မီးသွေး အသုံးပြုစီမံကိန်းဆိုသည်မှာမကောင်း၊ နျူကလီးယားစွမ်းအင်လည်း မကောင်းဟု တွင်တွင်ဆိုနေပါလျှင် ဖွံ့ဖြိုးရေးရှေ့ရေးမှာ အရှိန်လျော့နေပေလိမ့်မည်။

ပစ္စုပ္ပန်သည် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရေမြေရာသီဥတုအခြေခံ သဘာဝတရားများကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်ကြရမည့် အချိန်ကောင်း၊ အခါကောင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကို အခါသင့်သည့်အချိန်တိုင်း ထုတ်ဖော်ပြောဆိုထားသည်။

သို့ဖြစ်၍ နိုင်ငံအတွက် လိုအပ်သော ဖွံ့ဖြိုးရေးစီမံကိန်းများကို လက်ကမ်းကြိုဆိုပြီး အရှိန်မြှင့်တင် ဆောင်ရွက်သင့်သောကာလလည်းဖြစ်ပါသည်။ ထို့အတူ အစိုးရနှင့်ပြည်သူ အတူလက်တွဲပြီး ပူးပေါင်းအားဖြင့် ပြိုင်တူရှေ့သို့ တက်လှမ်းချီကြရမည့် ကောင်းမွန်သည့်အချိန်သမယလည်းဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## စစ်ကိုင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းမြို့နယ်ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ ပန်းဘဲတန်း ရပ်ကွက်ရှိ ဆင်နှစ်ကောင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ရာ မြို့နယ်ဥပဒေအရာရှိ ဦးဇေယျာသိန်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတက်ရောက်ပြီးသူ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်သူက ဥပဒေဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့သည်။

**နေလင်းအောင်(ပြန်/ဆက်)**





## ရေကြည်မြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်ပြည်သူများအား သောက်သုံးရေဂါလန် ၃၈၀၀၀ ကျော်ဖြန့်ဝေပေး

**ရေကြည် စက်တင်ဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်မြို့နယ် အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် သောက်သုံးရေဂါလန် ၃၈၀၀၀ ကျော် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

## အယ်နီညိုကြောင့်ဖြစ်စဉ်အကြောင်း အသိပညာပေး ဟောပြော



**မော်လမြိုင် စက်တင်ဘာ ၁၀**

မော်လမြိုင်မြို့ မြိုင်သာယာ ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ညောင်ပင်ဆိပ်) ကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အယ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် မီခိုးမြူငွေ့ အကြောင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က ကျိုင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများက အယ်နီညို ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူ ၃၅၀ ဦးခန့်ကို အသိပညာပေး ဆွေးနွေး ပြောကြားခဲ့သည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲမှူးမျိုးအောင်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၀ ရက်က ပေါက်ချောင်းရပ်ကွက်ရှိ (ကုတင် ၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ဒိုက်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေး

**ဒိုက်ဦး စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းညွန့်နှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်များ စိစစ်ကောက်ယူ၍ နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ကျောင်းသားကျောင်းသူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။

**စိုးထက်ကျော်(ပြန်/ဆက်)**





(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲစခန်းစခန်းမှူး ဒုတိယရဲမှူးကျော်မိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦး စက်တင်ဘာ ၉ ရက်က ဖြူးပြည်သူ့ဆေးရုံသွေးလှူဘဏ်၌ ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းစဉ်။

နေမျိုးလွင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ လူကုန်ကူးမှုအသိပညာပေး နံရံကပ် ပိုစတာများ ချိတ်ဆွဲဆောင်ရွက်

**မိုင်းဆတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ စက်တင်ဘာ ၁၃ ရက်နေ့



တွင် ကျရောက်မည့် (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အကြိုအဖြစ် လူကုန်ကူးမှုအသိပညာပေး နံရံကပ် ပိုစတာများ ချိတ်ဆွဲခြင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့စိတ်မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များက မြို့ပေါ်ရှိ လူစည်ကားရာ လက်ဖက်ရည်ဆိုင်များ၊ မိုင်းဆတ်-တာချီလိတ်၊ မိုင်းဆတ်-တောင်ကြီးမြို့များသို့ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းဂိတ်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ခန္တီးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**ခန္တီး စက်တင်ဘာ ၁၀**



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မှန်ပင်ကျေးရွာ၌ ယမန်နေ့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ပြုလုပ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ရှိသူများက စီမံကိန်းနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် မှန်ပင်ကျေးရွာ မြစ်ကမ်းပါးထိန်း လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာလုပ်ငန်းအဖွဲ့ ခုနစ်ဦးအား အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်ဌေး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှမိုးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၅ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြစ်ငယ်လမ်းနှင့် ကံ့ကော်လမ်းထောင့်၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။

နီလာ(ပြန်/ဆက်)

## ပြည်မြို့၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်

**ပြည် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျန်းမာရေးမှူး (၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ရှိ ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဥ္ဇာက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ



ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ကျန်းမာရေးမှူး(၄) များ စုစုပေါင်း ၁၂၅ ဦးခန့် တက်ရောက်ခဲ့သည်။**ဝဏ္ဏထွန်း (ပြန်/ဆက်)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အခြေခံ စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးကျောင်း (အ.ထ.က–ခွဲ၊ အ.လ.က– ၁ ) Grade – 12 မှ မောင်ဖြိုးညီညီ ၏ ဖခင်အမည်မှန်မှာ ဦးမြို့အောင် (၁၃/နခတ(နိုင်)၀၆၈၀၀၅ ) ဖြစ်ပါကြောင်း။

ဦးမြို့အောင်

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အခြေခံစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း (အ.ထ.က–ခွဲ၊ အ.လ.က– ၁)၊ Grade – 12 မှ မောင်ဘိုဘိုနိုင် နှင့် Grade – 10 မှ မောင်ဘိုဘိုထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးယောဂီ ၉/မကန(နိုင်) ၀၉၈၀၄၈ ) ဖြစ်ပါကြောင်း။

ဦးယောဂီ

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းလှိုင်၏ သားမောင်သန့်ဇင်ထွန်း ၁၂/ဥကမ(နိုင်)၂၃၂၄၉၄၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၅၀၅၃၃၁၄

## မွေးသက္ကရာဇ်အမှန်

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အင်းကြီးကျေးရွာနေ ဦးစီမောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆–၁၁–၁၉၆၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှည်းကူးမြို့နယ်၊ အထက (မြို့မ)ကျောင်း Grade–12 မှ မသူကျော်နှင့် ဒဂုံတက္ကသိုလ်၊ တတိယနှစ် (Chemistry) မှ မဆုရည်မော် တို့၏ ဖခင် ဦးအေးကျော် (ခ) ဦးရဲဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆–၇–၂၀၂၆) ရက်ထုတ် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၉) တွင် ရောင်းချသူ ဒေါ်အေးအေး(ISN–၃၆၇၇၁၀) အစား ဒေါ်အေးမြင့် (ISN–၃၆၇၇၁၀) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/6260 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးမြောက်ပိုင်း)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ကလောမြို့နယ်တရားရုံး

## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၆

၁။ ဦးထွန်းထွန်းဝင်း နှင့် ဒုရဲအုပ် အေးမင်း (ငြိမ်း)

၂။ ဒေါ်ကြည်ကြည်စိုး

(တရားလိုများ) (တရားပြိုင်)

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဒုရဲအုပ်အေးမင်း (ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများ ဦးထွန်းထွန်းဝင်းပါ – ၂ဦး က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၀) ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ငြိမ်းနု)

မြို့နယ်တရားသူကြီး

ကလောမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အခြေခံ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း (အထက–ခွဲ အလက–၁) Grade–12 မှ မောင်ထွန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၃/နခတ(နိုင်)၀၆၀၅၅၇ ဖြစ်ပါကြောင်း။

ဦးတင်ဦး

## မိခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (သဖန်း) Grade–12 တွင် ပညာသင်ကြားနေသော မောင်ထွန်းမင်းစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ဇင်မာဦး ၉/မထလ(နိုင်)၂၆၀၄၃၆ ဖြစ်ပါကြောင်း။

ဒေါ်ဇင်မာဦး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ငှက်ပြာဝကျေးရွာကပစ (၂၁) နေ မလဲ့လဲ့ကျော် ၈/ဆဖန(နိုင်)၁၁၅၅၉၄၏ ဖခင် ဦးကျော် (ခ) ဦးမောင်ကျော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရွှေဒုံးကျေးရွာနေ မခင်စံပယ်ဦး ၉/စကန(နိုင်) ၁၀၆၀၁၃၏ မိခင် ဒေါ်ဆွေဆွေဝင်း (ခ) ဒေါ်ဆွေဆွေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ဗထူးရပ်ကွက်နေ မနန်းစုစန္ဒာထက် ၁၃/ရစန(နိုင်) ၁၀၅၃၁၂၏ မိခင် ဒေါ်ကျင်ယုံ (ခ)ဒေါ်ချိုချိုဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက (တဲကြီးကုန်း) G–12 မှ မအေးဇင်၏ အမည်မှန်မှာ မအေးအေးဇင် ဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးထွန်းသော် ၈/နမန(နိုင်)၁၂၃၄၁၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ် (အေ–၅)The Auroa၊ အခန်းအမှတ်(၆၀၂)၊ တိုက်ခန်းအမျိုးအစား (2–Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၉၀၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရန်ဝင်းအောင် (၁၂/ဥကတ(နိုင်)၁၅၄၆၆၄)နှင့် ဒေါ်အေးချမ်းမျိုးမြတ်(၁၂/ဥကမ(နိုင်)၂၀၇၄၆၂) တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိစိုးရီ

၈/ပဖန(နိုင်)၁၀၁၀၉၃

ဖုန်း–၀၉–၇၉၅၂၆၅၉၂၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၆၀၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးမွန်ချမ်း ၁၀/ပမန(နိုင်)၂၄၅၅၂၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊

မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၁၄၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွဋ်ခေါင် ၁၀/မလမ(နိုင်) ၂၇၈၈၀၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊

မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၁၇၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၀/ရမန(နိုင်)၂၀၁၃၂၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊

မော်လမြိုင်မြို့

# နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးဆန်းဝင်း (ဘ) ဦးချို၊ နိုင်ငံသားလက်မှတ်အမှတ် – ၈/ရစက (နိုင်) ၀၀၀၀၉၂ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၁။ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်လုပ်ငန်းလိုင်စင်ရရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့ အပါအဝင် အခြားသောမြို့ကြီးများနှင့် နေပြည်တော်တွင် ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်၍ ကိုယ်ပိုင်လက်ရာနှင့် ဒီဇိုင်းများ၊ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်သော ကိုယ်ပိုင် စိန်၊ ရွှေ၊ ရတနာများအား ရောင်းဝယ်ရာတွင် ပြည်သူများ၏ တစ်ခဲနက် ဝယ်ယူအားပေးမှုနှင့်အတူ ကောင်းသတင်းကျော်ဇောမှုဖြင့် အမည်ကောင်းတန်ဖိုး (Good Will) ကို ရရှိခဲ့ပါသည်။

၂။ ထိုသို့ ကောင်းသတင်းကျော်ဇောမှုရရှိခဲ့ခြင်းအပေါ် မသမာသူများက ထိခိုက်နစ်နာဆုံးရှုံးမှုရှိစေရန် ရည်ရွယ်၍ နှောင့်ယှက်ခြင်း၊ အသရေ ဖျက်ခြင်းဖြစ်စေရန်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် သူတစ်ဦးဦး၏ ငွေကြေးကိုဖြစ်စေ၊ အဖိုးတန်ပစ္စည်းကိုဖြစ်စေ လှည့်ဖြားရယူရန် အွန်လိုင်းလိမ်လည်မှု (Online Scam) ကျူးလွန်၍လည်းကောင်း နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးပြုလျက်ရှိသော Facebook နှင့် TikTok Official Accounts များအား တုပ၍ အကောင့်အတုများဖြင့် အွန်လိုင်းမှ ဇွဲထက်ဒါရိုက်တာအဖွဲ့များ၏ အမည်နှင့် ရုပ်ပုံများ၊ ရတနာပစ္စည်းများကြော်ငြာရာတွင် သရုပ်ဆောင်ခဲ့သော အနုပညာရှင်များ၏ ရုပ်ပုံများ၊ video များကို အသုံးပြု၍လည်းကောင်း၊ လွန်ခဲ့သည့်နှစ်အနည်းငယ်၌ ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဝယ်ယူအားပေးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြုလုပ်ခဲ့သော ကားကံစမ်းမဲရုပ်ပုံများကိုအသုံးပြု၍လည်းကောင်း၊ ကား ကံစမ်းမဲ၊ အိမ်ကံစမ်းမဲများပြုလုပ်ခြင်းဟုဖော်ပြပြီး ငွေကြေးများလိမ်လည်ရယူခြင်း၊ လျှင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ မစိုးရိမ်တိုက်အား တစ်ဦးတည်းအလှူရှင်အဖြစ် ဆောက်လုပ်လှူဒါန်းသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၏ B.O.D အဖွဲ့ဝင်ရုပ်ပုံများကိုအသုံးပြု၍လည်းကောင်း ထည့်ဝင်လှူဒါန်းရန် အလှူငွေများကောက်ခံခြင်း၊ ငွေစုငွေချေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ KPay, WavePay များဖြင့် မုန့်ဖိုးပေးသည်ဟု post တင်ခြင်း၊ B.O.D မွေးနေ့နှင့်စပ်လျဉ်း၍ ကံစမ်းမဲပြုလုပ်သည်ဟု post တင်ခြင်း၊ Games ဆော့ခိုင်းပြီး မုန့်ဖိုးပေးမည်ဟု post တင်ခြင်း၊ ရတနာပစ္စည်းများအား လိုင်းပေါ်တွင် ပြသကာ ဝယ်ယူမည့်သူများအား ငွေကြိုတင်လွှဲခိုင်း၍ Voucher အတုဖြင့် ဇွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်သို့ ၎င်းရတနာပစ္စည်းအား လာရောက်ထုတ်ယူစေရန် စေလွှတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို လူမှုကွန်ရက်ပေါ်မှ အထောက်အထားများနှင့် မြေပြင် သတင်းများအရ တွေ့ရှိရပါသည်။ အထူးသဖြင့် အိမ်ကံစမ်းမဲနှင့် ကားကံစမ်းမဲများကို ဆောင်ရွက်လာခြင်းအား လွန်ခဲ့သည့် (၁) လ ကျော်ခန့်တွင် တွေ့ရှိရပါသည်။

၃။ နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် မိမိတို့၏ ကိုယ်ပိုင်လက်ရာနှင့် ဒီဇိုင်းများ၊ ကိုယ်ပိုင်စက်သစ်ကြီးများနှင့် ထုတ်လုပ်သည့် ရတနာအထည်များအား မိမိ၏ ကိုယ်ပိုင် Official Tik Tok Account (3) ခု ဖြစ်သော Followers 5.5 M နှင့် အထက်ရှိZweHtet GoldJewellery Channel 1 (User name @ zwehtetgoldchannel1 ), Followers 4.9 M နှင့်အထက်ရှိသည့် ZweHtet GoldJewellery Channel2 (User name @ zwehtetgold channel2), Followers 4.6 M နှင့်အထက်ရှိသည့် ZweHtet Gold &Jewellery (User name @ zwehtetgoldchannel3) နှင့်ကိုယ်ပိုင် Official Facebook Account (3) ခုဖြစ်သော Followers 294 k နှင့်အထက်ရှိသည့် Zwe Htet Media, Followers 3.2 M နှင့်အထက်ရှိသည့် Zwe Htet Gold & Jewellery Channel3, Followers 476 k နှင့်အထက် ရှိသည့် Zwe Htet Biggest Branded Quality First Page များဖြင့် မိတ်ဆက်ကြော်ငြာပေးခြင်း အစီအစဉ်တစ်ခုတည်းကိုသာ စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းဖြစ်သည်ကို ဖော်ပြပါ Official Account များထဲသို့ ဝင်ကြည့်ပါက တွေ့မြင်သိရှိနိုင်မည်ဖြစ်ပါသည်။

၄။ နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အနည်းငယ်၌ ဝယ်ယူအားပေးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြုလုပ်ခဲ့သော ကားကံစမ်းမဲအပြင် လက်ရှိကာလ၌ အထက်တွင်ဖော်ပြသကဲ့သို့ ကာကံစမ်းမဲ၊ အိမ်ကံစမ်းမဲ၊ ငွေစုငွေချေးလုပ်ငန်း၊ အွန်လိုင်းပေါ်မှ K Pay, Wave Pay ဖြင့် မုန့်ဖိုးပေးခြင်း၊ B.O.D မွေးနေ့ကျင်းပရာတွင် မုန့်ဖိုးပေးခြင်း၊ Games ဆော့ခိုင်း၍ မုန့်ဖိုးပေးခြင်းများကို မည့်သည့်အခါမျှ ပြုလုပ်ခြင်းမရှိပါ။ မန္တလေး မစိုးရိမ်တိုက်သစ် ပြန်လည်ဆောက်လုပ်ခြင်း အလှူဒါနကို ဇွဲထက်မိသားစု တစ်ဦးတည်းကသာ အလှူရှင်အဖြစ် လှူဒါန်းခြင်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ထံမှ အလှူငွေကောက်ခံခြင်းမျိုး တစ်ကြိမ်တစ်ခါမျှမရှိသည့်အပြင် ရတနာပစ္စည်းများအား အွန်လိုင်းပေါ်တင်၍ ရောင်းချခြင်း၊ ငွေကြိုတင်လွှဲခိုင်းခြင်းနှင့် အရောင်းဘောက်ချာ ပေးပို့ခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ခဲ့ခြင်း လုံးဝ မရှိကြောင်း အသိပေးအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး အသုံးပြုလျက်ရှိသော Facebook နှင့် TikTok Official Account များကို အတုပြုလုပ်လျက် အထက်အပိုဒ် (၂) ပါအတိုင်း ပြုမူကျူးလွန် နေခြင်းများအား ယနေ့မှစပြီး ဆက်လက်မပြုလုပ်ရန်နှင့် လက်ရှိပြုမူကျူးလွန်နေသော Facebook နှင့် Tik Tok Account အတုများအား ရုပ်ဆိုင်းပယ်ဖျက်ပါရန် သတိပေးတားမြစ်လိုက်ပါ သည်။ လိုက်နာခြင်း မရှိပါက ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ပြီး ဆက်သွယ်ရေးဥပဒေ၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဆိုင်ရာ ဥပဒေအပါအဝင် အခြားဆက်စပ်သည့် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသို့ကျူးလွန်သည့် မသမာသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– | |
|---|---|---|
| ဦးဆန်းဝင်း (ဘ) ဦးချို | ဦးတိုးမြင့် (LL.B) | ဒေါ်စန္ဒာ (LL.B) |
| ၈/ရစက (နိုင်) ၀၀၀၀၉၂ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ် – ၆၂၀၁/၂၂–၅–၁၉၉၅) | (စဉ်–၂၅၄၅၁/၂၀၀၇) |
| | ဖုန်း – ၀၉ ၄၂၀၀ ၇၈၈၈၃ | ဖုန်း – ၀၉ ၄၂၀၇၀၈၆၉၅ |

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဖြင့် ထန်းတပင်မြို့နယ်၊ ကျွန်းငူလျှပ်စစ်မြစ်ရေတင်ဆိုလာစနစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း (70kW) Lot(6)အား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၁၁-၉-၂၀၂၆)ရက်

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - (၂၄-၉-၂၀၂၆)ရက်(၁၆:၀၀ နာရီ)

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ (ပြည်လမ်းနှင့်အလုံလမ်းထောင့်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံးစနစ် 5 MW Solar Panel နှင့်တွဲလျက် 10 MW Power Station လျှပ်စစ်ဓာတ်အားပေးစက်ရုံ (Solar Power Plant) တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၁၁ -၉ - ၂၀၂၆ ရက်မှ ၂၄ - ၉ - ၂၀၂၆ ရက်အထိ

(ခ) **နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့

(ဂ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄- ၉ -၂၀၂၆ ရက် (၁၆၀၀ နာရီ)

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ် ၀၉ - ၄၂၁၇၂၈၄၁၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ကေဗွီ ကမာနတ်-လှော်ကားဓာတ်အားလိုင်း(၃၈.၄)မိုင်ရှိ ACSR Conductor ကြိုးအား ACCC Conductor ကြိုးဖြင့် အစားထိုးလဲလှယ်ရန် လိုအပ်သောပစ္စည်းများအား တင်ဒါအမှတ် 45(T)/DPTSC(PSD)/2026-2027 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁-၁၀-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၈၁)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် (၁၅၁)နေ မောင်ကျော်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၉/မလန(နိုင်)၀၉၂၅၂၁ ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကံ့ကော်မြိုင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ယူနေသည့် မသက်ထက်စံ၏ ဖခင်အမည်မှန်မှာ ဦးဟန်ဇော် ၁၄/ကကန(နိုင်) ၀၁၃၄၇၂ ဖြစ်ပါကြောင်း။

**ဦးဟန်ဇော်**

## အမည်မှန်

တောင်သာမြို့၊ အမှတ် (၅) ရပ်ကွက်နေ ဦးရဲမင်းသူ၏ သား အမက (၄) တောင်သာမြို့ Grade-3 တန်းမှ မောင်ရွှေဘုဏ်းသစ်၏ အမည်မှန်မှာ မောင်ရွှေဘုန်းသစ် ဖြစ်ပါကြောင်း။

**မောင်ရွှေဘုန်းသစ်**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက ကွင်းကောက် Grade-9(B)မှ မအိနန္ဒာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၁၄/အဂပ(နိုင်)၁၈၂၇၃၉ ဖြစ်ပါကြောင်း။

**ဦးအောင်မိုး**

## အမည်မှန်

(ဘ) ဦးကျစိုးဘို၏သား မိုင်းဆတ်မြို့၊ အထက (မိုင်းဆတ်) Grade- 10 မှ မောင်မောဆဲ့ဘို၏ အမည်မှန်မှာ မောင်မောရှက်ဘို ဖြစ်ပါကြောင်း။

**မောင်မောရှက်ဘို**

## ဖခင်အမည်မှန်

ပြည်မြို့နယ်၊ ဝက်ထီးကန် အထက်တန်းကျောင်း G-12 တွင် ပညာသင်ယူနေသော မမိုးမြတ်ဟေသီ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၇/ပမန(နိုင် )၀၀၃၀၇၈ ဖြစ်ပါသည်။

**ဦးမျိုးဝင်း**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရေကြည်အုပ်စု၊ မကျီးကုန်းရွာ၊ ပြည်စိုးကုန်း အထက Grade-8ကျောင်းသူ မနှင်းဝတီဦး၏ မိဘများ၏အမည် မှန် မှာဦးကျော်မြတ်ဆွေ ၈/စလန(နိုင်)၂၀၇၄၇၉၊ ဒေါ်ဝင်းဝင်းခိုင် ၈/စလန(နိုင်)၂၂၄၈၇၅ ဖြစ်ပါကြောင်း။

**ဦးကျော်မြတ်ဆွေ၊ဒေါ်ဝင်းဝင်းခိုင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ငြိမ်းချမ်းရေးကိုယ်ပိုင်အထက်တန်း ကျောင်း Grade (6)မှ အဖ ဦးမိုးကျော်ခိုင်သမီး မခိုင်စစ်သံသာ၏အမည်မှန်မှာ မမိုးသံသာခိုင် ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အမက တရော်ကုန်း(၂)မှ ဦးမောင်မြင့် (ထလသ) ၈/မထန(နိုင်) ၀၀၉၂၅၉ ၏ အမည်မှာ ဦးမောင်မြင့်နှင့် ဦးမောင်မောင်မြင့်ဟု အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်မြင့် (ခ) ဦးမောင်မောင်မြင့်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အထက (စလေ)ကျောင်း Grade-7 မှ မနှင်းဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးဟံတင် ၈/ခမန(နိုင်) ၁၃၅၈၇၆ဖြစ်ပါကြောင်း။

**ဦးဟံတင်**
**၈/ခမန(နိုင်)၁၃၅၈၇၆**

## တရားဝင်ကွာရှင်းပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကလိ-တပ်ကလေးကျေးရွာအုပ်စု၊ အဝိုင်းရွာသစ်ကျေးရွာနေ ဦးမိုးဝင်း(ဘ)ဦးတင်အေး ၇/ပခန(နိုင်)၂၉၄၄၂၇နှင့် ပဲခူးတိုင်းဒေသကြီး၊ ထန်းတောကြီးကျေးရွာအုပ်စု၊ ဝါးပျံကုန်းကျေးရွာနေ ဒေါ်ချောစုသွယ်(ဘ)ဦးသံဂဲ ၇/ပခန(နိုင်)၃၂၈၂၀၃တို့သည် (၁၀-၉-၂၀၂၆) ရက်တွင် ဥပဒေနှင့်အညီ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အား မိခင်နှင့် အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ကြပြီးဖြစ်ပါသောကြောင့် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု မရှိကြတော့ဘဲ တစ်ဦး၏ စီးပွားရေး၊ လူမှုရေး၊ ကိစ္စအဝဝတို့တွင် ဆက်စပ်သက်ဆိုင်ခြင်း လုံးဝ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်သီသီဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၃)**
**ရုံးခန်း-အမှတ်(၂၉၄)၊ ဆံတော်တွင်းလမ်းမတန်း၊ ဥဿာသီရိ(၄)လမ်းထိပ်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ဖုန်း ၀၉-၉၇၉၆၈၃၄၈၈**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးလဂျောန်ဆိုင်းဖန်းအောင် (၁/မကန(နိုင်)၁၉၆၂၉၀)၏ ဖခင်အမည်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် ဦးလဂျောန်မနောစ်ထူးနှင့် ဘွဲ့လက်မှတ်တွင် ဦးလဂျောန်မနောစ့်ထူးဟူ၍ ဖော်ပြထားသော်လည်း ကျွန်တော်၏ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းတို့တွင် ဦးလဂျောန် မနောတူးဟု ဖော်ပြထားရာ ၎င်းတို့မှာ အမည်ကွဲလွဲမှုရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ် ၁၀၈ ခဲစင်းတောင်ခြမ်း၊ ၆၂ x ၆၄ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မားကျင်းဖန်း ၁၃/တယန(နိုင်)၀၁၃၃၇၈ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

အေးသာယာမြို့ ၊ အမှတ်(၁၁)ရပ်ကွက် ၊ ကံ့ကော်လမ်း၊ အိမ်အမှတ် (၈၂/၂၅) နေ ဒေါ်နော်အေးပွင့်ဖြိုး (ဘ) ဦးတင်ဦးနွယ်(၁၃/တကန (နိုင်)၂၆၃၄၁၇)သည် ဦးစိုင်းလောင်ခမ်း(ဘ) ဦးစိုင်းခမ်းပန်(၁၃/တကန(နိုင်)၂၅၄၃၈၆) နှင့် (၁၉-၅-၂၀၁၂) ရက်တွင် တရားဝင် လက်ထပ်ပေါင်းသင်းခဲ့သည့် တစ်ဦးတည်းသောတရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ခိုင်ဝင်း(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၈၇)**
**ဖုန်း-၀၉-၄၂၃၇၀၈၇၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက် အမှတ် (ဒ-၆)၊ ဦးပိုင်အမှတ် (၈၄)၊ ၆၃လမ်း၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ငွေး ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၃၅၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီခိုင် ၁၃/မကန(နိုင်)၀၀၀၁၈၂ က အမှုတွဲ အမှတ်(၂၂၆၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၇၂)၊ အခန်းအမှတ်-(မြေညီထပ်/ထပ်ခိုးအပြည့်ပါ)(ခြေရင်းခန်း/လက်ယာဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန်းနိုင် (၁၂/ဥကတ(နိုင်)၁၁၈၄၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြည့်စုံ (၇/ကကန(နိုင်)၀၈၅၁၀၇၈) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း(LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

